# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၂) ရက် ၊ သောကြာနေ့ ၊ (5-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဌာန(United Nations Department of Safety and Security-UNDSS)၏အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန(**United Nations Department of Safety and Security-UNDSS**)၏ အကြီးအကဲ **Under-Secretary-General Mr. Gilles Michaud** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

## ပြည်သူများသို့ အသိပေးကြေညာချက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနသည် နိုင်ငံအတွင်း နေထိုင်သူများမှ အသက် ၁၀ နှစ်အထက်ရှိသူများကို **electronic** စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ(**Biographic Data**)နှင့် ဇီဝအချက်အလက်များ(**Biometric Data**)တို့ကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း ၁၀ လုံးပါရှိသည့် **UID (Unique Identity Number)** သတ်မှတ်ထုတ်ပေးလျက်ရှိသည်။ ယင်းသို့ **Biographic/ Biometric** အချက်အလက်များမှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံတော်အစိုးရက တရားဝင်ထုတ်ပေးထားသော အထောက်အထားလက်မှတ်တစ်ခုခုကို တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နယ်စပ်ဖြတ်ကျော် ဝင်ထွက်သွားလာရာတွင် သတ်မှတ်ထားသည့် နယ်စပ်ဝင်ထွက်ဂိတ်များမှ **TBP, BP** လက်မှတ်များဖြင့် တရားဝင် ဝင်ထွက်သွားလာခွင့် ခွင့်ပြုပေးလျက်ရှိပါသည်။ အဆိုပါနယ်စပ်ဝင်ထွက်ဂိတ်များမှ ဝင်ထွက်ခွင့်ပြုရာတွင် နယ်စပ်အဝင်၊ အထွက် လူဦးရေစာရင်းဇယားတိကျစွာရရှိနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများနှင့် အသုံးမပြုသည့်ကတ်များကို အသုံးပြု၍ သွားလာခြင်းများကို ထိန်းချုပ်နိုင်ရေးတို့အတွက် **UID** လက်မှတ်ပါမှသာ **TBP, BP** လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နယ်စပ်ဝင်ထွက်ဂိတ်များသို့ **TBP, BP** လက်မှတ် လာရောက်လျှောက်ထားသူ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ **UID** စာရွက်ပါ တစ်ပါတည်းယူဆောင်လာကြပါရန်နှင့် ၁-၅-၂၀၂၄ ရက်မှစတင်ပြီး **UID** စာရွက်ပါမှသာ **TBP, BP** လက်မှတ်များ ထုတ်ပေး၍ နယ်စပ်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါကြောင်း ပြည်သူများသို့ ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၅ ရက်
အယ်ဒီတာ့အာဘော်

# အပူဒဏ်အန္တရာယ် သတိပြုကာကွယ်

ယခုအချိန်ကာလသည် အလွန်ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလဖြစ်သည်။ နွေရာသီကာလ ပြေလမှစ၍ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အပူဒဏ်အန္တရာယ်ကာကွယ်ကြရမည်ဖြစ်ပေသည်။ ထူးခြားသည့်နေ့အပူချိန်များအနေဖြင့် ဧပြီလ ၁ ရက်တွင် ချောက်မြို့၌ ၄၅ ဒီဂရီဆဲလ်စီးယပ်၊ မင်းဘူး၊ မကွေး၊ တောင်တွင်းကြီး၊ ဆင်ဖြူကျွန်းမြို့တို့၌ ၄၃ ဒီဂရီဆဲလ်စီးယပ်စီ ရှိကြသည်ကို တွေ့ရပေသည်။

နွေကာလတွင် ရာသီဥတုပူပြင်းလာပြီး အပူချိန်မြင့်တက်လာသဖြင့် လူ့ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်၊ ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားလာသည်။ အပူဒဏ်ကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည်တို့ကို လူအများ ခံစားရပါသည်။ ထိုကဲ့သို့ ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ပါသည်။

နွေကာလဖြစ်သည့်အတွက် အပူချိန်မြင့်တက်နေမှုမှာ နှစ်စဉ်ကြုံတွေ့နေရသော သဘာဝတရားဖြစ်သည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါခံရှိသူများအနေဖြင့် နေ့လယ်၊ နေခင်းအချိန်တွင် အရိပ်အေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေကြရမည်ဖြစ်သည်။ ပူပြင်းသည့် နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်း နှင့် ကိုယ်လက်လှုပ်ရှား ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ပူပြင်းသည့် နေရောင်အောက်တွင် မဖြစ်မနေသွားလာရန်၊ အလုပ်လုပ်ရန်လိုအပ်ပါက ထီး၊ ဦးထုပ်တို့ကို ဆောင်း၍ သွားလာခြင်း၊ အလုပ်လုပ်ခြင်းတို့ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့ပြင် အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရမည်ဖြစ်ပေသည်။

နွေကာလ အပူချိန်မြင့်တက်နေချိန် နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ နေပူပူလွင်တီးခေါင်ပြင်၊ မြစ်၊ ချောင်းကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကိုရှောင်ကြဉ်ကြရမည်ဖြစ်သည်။ အရက်သေစာသောက်စားခြင်းကြောင့်လည်း အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်သည်။ ထို့ကြောင့် အရက်သောက်စားခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

နွေကာလ အပူဒဏ်၏အန္တရာယ်ကို လူအများသိရှိကြပြီးဖြစ်သည်။ လူအများသတိမမူမိသည့် အပူဒဏ်၏အန္တရာယ်မှာ အပူလျှပ်ခြင်းဖြစ်သည်။ အပူလျှပ်ခြင်းသည် ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ အပူဒဏ်ကို အချိန်ကြာမြင့်စွာ ထိတွေ့ခြင်း၊ ပူပြင်းချိန်၌ လှုပ်ရှားမှုများ ပြင်းပြင်းထန်ထန် လုပ်ဆောင်ခြင်းတို့ကြောင့် ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်းဖြစ်သည်။ အပူလျှပ်သည့်အခါ အရေးပေါ်ပြုစုကုသမှု လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ အပူဒဏ်အန္တရာယ်သည် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ပါသည်။ ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့် ဆိုသည့်အတိုင်း ဥစ္စာစည်းစိမ်တည်မြဲအောင် ကုသိုလ်ကံကစောင့်ရှောက်ပြီး အစားအသောက်အနေအထိုင်ကို ဉာဏ်ပညာဖြင့် စားသောက်နေထိုင်မှသာ အသက်ရှည်မည်ဖြစ်သည်။ ထို့ကြောင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်လွှင့်ဖော်ပြထားသော အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အပူဒဏ်အန္တရာယ်မှကာကွယ်ကြပါရန် အကြံပြုရေးသားလိုက်ရပေသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ ၃၅ သိန်းကျော် ဖြန့်ဖြူးရောင်းချပေးခဲ့



**မန္တလေး မေ ၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးမွေးမြူသူများအတွက် ငါးသားပေါက်ကောင်ရေ ၃၅ သိန်းကျော်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြ၍ သိရသည်။

နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်သူများ ကြိုက်နှစ်သက်စွာစားသုံးသည့်ငါးမျိုးများကို မွေးမြူပြီး ငါးမွေးမြူသူများကို ဖြန့်ဖြူးရောင်းချပေးသွားရန် ငါးသားပေါက်ကောင်ရေ သိန်း ၄၀ ကိုလျာထား ဆောင်ရွက်ခဲ့ရာ ငါးမွေးမြူသူများကို ငါးသားပေါက်ကောင်ရေ ၃၅ သိန်းကျော်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းမှာ နတ်ရေကန်ငါးလုပ်ငန်းစခန်းကနေပြီးတော့ ငါးမျိုးကောင်းမျိုးသန့်တွေကို ငါးမွေးမြူသူတွေ အလွယ်တကူမွေးမြူနိုင်စေဖို့အတွက်ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ ဈေးနှုန်းသက်သက်သာသာနဲ့အရည်အသွေးကောင်း ငါးမျိုးကောင်းမျိုးသန့်တွေကိုရောင်းချပေးခဲ့ပါတယ်။လိုအပ်တဲ့နည်းပညာရပ်တွေကိုလဲ ပေးပါတယ်။ ဖြန့်ဖြူးရောင်းချပေးခဲ့တာမှာ တစ်လက်မအရွယ်ငါးသားပေါက်တစ်ကောင်ကို ငွေ ငါးကျပ်၊ နှစ်လက်မအရွယ် ငါးသားပေါက်တစ်ကောင်ကို ငွေ ၁၀ ကျပ်နှုန်းနဲ့ ရောင်းချပေးခဲ့ပါတယ်"ဟု ဒေါ်စန်းစန်းဦးက ပြောပြသည်။

နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ငါးမွေးမြူသူများအတွက် မွေးမြူပြီး ရောင်းချပေးသည့်ငါးမျိုးများမှာ ငါးမြစ်ချင်း၊ထိုင်းငါးခုံမကြီး၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်းတို့ဖြစ်ကြောင်း၊ အညာဒေသလူအများကြိုက်သည့် ငါးမြစ်ချင်းကို အဓိကထားဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မေ ၄**

မန္တလေးကားဈေးကွက်တွင် ၂၀၀၃ မော်ဒယ်အောက်ကားများ ဈေးနှုန်းပြန်လည်ကျဆင်းလာပြီး အမြင့်ကားများ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြားဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း၊ လျှပ်စစ်သုံးကားမှာ ငွေကျပ်သိန်း ၁၀၀၀ အထက်ဈေးတန်းတွင် ရှိနေသေးကြောင်း သိရသည်။

ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ် သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းခန့်ထိ ပြန်လည်ကျဆင်းလာကြောင်း၊ ကားဟောင်းများမှ ငွေကျပ် သိန်း ၄၀၀ ခန့်ဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွဲ စသည့်ကားများအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ် အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင် တစ်စီးလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ထိ မြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်မှု နည်းပါးနေသော်လည်း တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များကို လူငယ်အများစု စိတ်ဝင်စားပြီး ဝယ်ယူမှုများနေကြောင်း၊ ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ်များတွင် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့်တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ဇောင်ချမ်းအမျိုးအစားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇သိန်းခန့်၊Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ်အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။ (၁၇၃)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ်လတွင် ကုန်စည်တင်ပို့သည့်ရေယာဉ် ၁၀၁ စီးထိရှိခဲ့

**မန္တလေး မေ ၄**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ်လတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၀၁ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ်လတွင် ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ တင်လဲရည်၊ ဆန်နှင့်ဆန်ကွဲ၊ ထုံး၊ ကျောက်စရစ်နှင့် အခြားကုန်မျိုးစုံများ တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၀၁ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလက်ရှိက ရေဝတီမြစ်ရေနည်းချိန်ကာလဖြစ်ပေမဲ့ မတ်လအတွင်းကတော့ မန္တလေးဆိပ်ကမ်းကနေတင်ပို့တဲ့ကုန်စည် များပြားလာတာကြောင့် ကုန်တင်ရေယာဉ်တွေကလဲ တော်တော်လေးပြန်များလာတယ်။ ရေနည်းချိန်ဖြစ်ပေမဲ့လဲ ရေကြောင်းက တအားဆိုးဆိုးရွားရွားမရှိတာကြောင့် လက်ရှိအချိန်ထိတော့ သွားလာရအဆင်ပြေပါတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ဆက်လက်ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ်လတွင် တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၄၉၅၀၂ ဒသမ ၃၅ တန်၊ ပြောင်းဆန် ၃၂၇၁၉ ဒသမ ၇ တန်၊ ကျောက်စရစ်ကျင်း ၄၀၀၊ ကျောက်မီးသွေး ၁၅၆၇ တန်၊ ထုံး ၁၂၅ တန်၊ သံပိုက် အလုံးရေ ၁၀၀၊ ဆား ၁၀၃ ဒသမ ၅ တန်၊ တင်လဲရည် ၈၅ ဒသမ ၉၃ တန်၊ အထပ်သားအချပ်ရေ ၆၀၀၊ သကြား ၁၄၈၃၃ ဒသမ ၆ တန်၊ ဆန်နှင့်ဆန်ကွဲ ၃၈၉ ဒသမ ၆၅ တန်၊ ထွန်စက် တစ်စီးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံမြို့နယ် ဟွေအောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မေ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟွေအောကျေးရွာအုပ်စု ဟွေအောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက ဟွေအောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဟွေအောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသည့် အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

# နမ့်စန်မြို့နယ် ဝမ်ကုန်းကျောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကုန်းကျောင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာဆောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝမ်ကုန်းကျောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၇ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ဓနုဖြူမြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မတ်လအတွင်းက ခရီးသွားဧည့်သည် ၁၆၇၇၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ဓနုဖြူ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မတ်လအတွင်းက ခရီးသွားဧည့်သည် ၁၆၇၇၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ ဖေဖော်ဝါရီလအတွင်းက ခရီးသွားဧည့်သည် ၁၁၅၅၃ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး မတ် ၁ ရက် မှ ၃၁ ရက်ထိ တစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၁၆၇၇၅ ဦးထိ လာရောက်လည်ပတ် အပန်းဖြေခဲ့ကြောင်း သိရသည်။

"ကမ်းခြေကို တစ်လအတွင်း ခရီးသွားဧည့်သည် အယောက် ၁၆၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ အရင်လတွေကထက် ခရီးသွားတွေများလာပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးက ခရီးသွားတွေ အများဆုံးလာလည်ခဲ့တာတွေ့ရပါတယ်။ ကမ်းခြေကိုလာတဲ့ခရီးသွားတွေထဲမှာ ညအိပ်လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေလဲရှိတယ်။ နေ့ချင်းပြန်လာတဲ့သူတွေလဲရှိပါတယ်"ဟု ဓနုဖြူမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြသည်။

ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥမ္မာဒန္တီကမ်းခြေကို ၂၀၁၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိကမ်းခြေတွင် ဒေသထွက် အစားအစာများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။ **ကျော်ကျော်လင်း**

# တောင်သာမြို့နယ် ရထားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်သာ မေ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရထားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို မေ ၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရထားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးကွန်ကရစ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရထားကုန်းကျေးရွာတွင် လမ်းအရှည် ၆၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၈ ဒသမ ၇ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၂၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇန်နဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၁၇၀၉ ဧက ရိတ်သိမ်းပြီးစီး

**ခန္တီး မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၁၇၀၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဆီထွက်သီးနှံစုံ ၁၇၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဆီထွက်သီးနှံစုံ ၁၇၀၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ဆီထွက်သီးနှံတွေကို ရိတ်သိမ်းရာမှာ ဒီနေ့ထိ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲ ဧက ၁၃၅၀၊ ဆီမုန်ညင်း ၁၈၅ ဧက၊ နေကြာဧက ၁၂၀ နှင့် ပန်းနှမ်း ၅၄ ဧက စုစုပေါင်း ၁၇၀၉ ဧကဖြစ်ကြောင်း၊ မြေပဲတစ်ဧကလျှင် ၆၄ ဒသမ ၅၁ တင်း၊ ဆီမုန်ညင်း တစ်ဧကလျှင် ၁၁ ဒသမ ၇၅ တင်း၊ နေကြာတစ်ဧကလျှင် ၁၉ တင်း၊ ပန်းနှမ်း တစ်ဧကလျှင် ၁၀ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)



# ပေတစ်သီး၊ ကျီးတစ်သား၊ ငှက်ပျော၊ ဝါးနှင့် ကျူပင်များ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

မကြားချင်လည်း ကြားနေကြရသည်။ မမြင်ချင်လည်း မြင်နေကြရသည်။

"ဘယ်လောက်ပဲ ခက်ခဲခက်ခဲ၊ ရော့ပတ္တမြား၊ ရော့နဂါးဖြစ်စေရမယ်။ အဓိကကငွေပဲ"

သွားရေးလာရေး၊ ဝင်ရေးထွက်ရေး ခက်ခဲနေပါသလား။ ငွေပေးလိုက်၊ ချက်ချင်းအဆင်ပြေသွားကြသည်။

**"ဒါလေးများ၊ ငွေပေးထား၊ ခိုတ်အေးသွားစေရမယ်"** ဟုဟစ်ကြွေးနေကြကာ အလွန်အလုပ်ဖြစ်နေကြသည်။ နေရာအလိုက်၊ အဆင့်အလိုက်၊ အလွှာအလိုက် အပေးအယူမျှနေကြသည်။ "လောကမှာ ငွေ၊ ငွေသာ အဓိက၊ ငွေသာ အခရာ၊ အစစအရာရာ ငွေရှိရင်ဘာမဆိုဖြစ်တယ်"ဟု မော်ကြွားနိုင်သူများကား ရင်ကော့လက်မထောင်ကောင်းနေကြဆဲပင်။ ငွေကြေးစနမကြွယ်ဝကြဘဲ ဆင်းရဲနေကြသူများမှာတော့ မြေနိမ့်ရာလှံစိုက်၊ မိုက်ကြေးမိုက်ဒဏ်ကို ခံနေကြရသည်။

အနိမ့်ဆုံးအဆင့် အချို့ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဆင့်များမှာပင်လျှင် တစ်တောတစ်ကြက်ဖဆိုသလို မင်းမူကြီးစိုးနေကြသည်။ လုပ်ပိုင်ခွင့်တစ်ခုခုကို အကြောင်းပြုကြကာ လုပ်စားနေကြသည်။ မင်းမူနေကြသည်။ ဧည့်စာရင်းတိုင်ကြားသည့်အဆင့်မှာပင်လျှင် ဘာကြေး၊ ညာကြေး၊ အထွေထွေကြေးများပေးနေကြရသည်။ သူတို့နှင့်အဆင်မပြေကြပါက အိမ်ပြင်ခွင့်၊ အိမ်ဆောက်ခွင့်၊ လမ်းပြင်ခွင့်လေးရဖို့ပင် မျက်နှာငယ်ကြရသည်။

**"လာဘ်ပေးလာဘ်ယူ တိုရှန်သူ"** ဟူ၍ အဂတိလိုက်စားကြသူများကို ရှုတ်ချအရေးယူအပြစ်ပေးခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ကပင်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ စစ်ဆေးအရေးယူခဲ့ကြသည့် မှုခင်းများထဲတွင် နိုင်ငံတော်အဆင့်မြင့်တာဝန်ရှိသူများအပါအဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ ကြီး၊ ငယ်၊ ရှယ်၊ လတ်မျိုးစုံပါဝင်လျက်ရှိကြသည်။

သို့သော် ပြည်သူများမှာမူ နည်းမျိုးစုံဖြင့်လာဘ်ပေးလာဘ်ယူသူကြီးငယ်များကို မကြာခဏကြုံတွေ့ကြားသိနေရဆဲဖြစ်ရာ ရင်ထဲမှာ အခဲမကျေ၊ ဘဝင်မကျသောကဖိစီးမှုဒဏ်ကို ကြိတ်မှိတ်ခံစားနေကြရသည်။ တကယ်တော့ ဒီမိုကရေစီနိုင်ငံသစ် စတင်ဖွင့်လှစ်စ ၂၀၁၁ ခုနှစ် ဧပြီလ သကြၤန်အပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော်ပထမနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အလေးအနက်တွန်းအားပေးလှုံ့ဆော်ခဲ့ကြသည်။ သို့သော်မျှော်လင့်သလောက် ပေါက်မြောက်အောင်မြင်မှုမရှိခဲ့ကြဘဲ ရွှေပြည်တော်မျှော်တိုင်းဝေးကိန်း ဆိုက်ရောက်နေသည်။ နေရာတော်တော်များများမှာ **"ပိုင်ရှင်မဲ့တွေ"၊ "ဆင်ကောင်ကြီးအမြီးကျမှတစ်နေကြသောမှုခင်းတွေ"၊ "ကြီးလေးသောအမှုအဆင့်ကနေ သက်သာသောအဆင့်သို့ ကျဆင်းပြစ်ဒဏ်ချမှတ်မှုတွေ"** က **"မပြေးသော်ကန်ရာရှိ၊ တန်ပါ အမိမဘိုးမယ်"**ဟုသာ ငိုချင်းရှည်ချနေကြရတော့မှာလားဟု ပြည်သူအများစုညည်းတွားနေကြရသည်။ နောက်ဆုံး ဆန္ဒထုတ်ဖော်ခဲ့ကြသည့်အဆင့် ရောက်ခဲ့ဖူးသည်။

လူ့သမိုင်းတစ်လျှောက်တွင် ကုန်ထုတ်ဆက်ဆံရေး၊ အုပ်ချုပ်ရေးစနစ်မျိုးစုံရှိခဲ့ရာ အရောင်းအဝယ်၊ အပေးအယူ၊ နေရာ၊ တာဝန် စသည်ဖြင့် ခွဲဝေကျင့်သုံးခဲ့ကြရာ၌ အုပ်စုအလိုက်၊ တစ်ဦးချင်းအလိုက်၊ အကြိုက်ပေးမြှူဆွယ်၊ မက်လုံးပေး၊ ကျုံးသွင်း မြှုံးထောင်၊ အကျိုးဆောင်ဟု အကြောင်းအမျိုးမျိုးပြကာ လာဘ်ပေးလာဘ်ယူမှုများ ပြုကျင့်ခဲ့ကြသည်။

မူလအစကတော့ လူ့ယဉ်ကျေးမှုလိုလို၊ ဆက်သွယ်ရေးကိရိယာပစ္စည်းလိုလိုကျင့်သုံးခဲ့ရာမှ လောဘ၊ ဒေါသ၊ မောဟများဖုံးလွှမ်းလာသောအခါ ထိန်းချုပ်၍မရတော့ပေ။ လောကုတ္တရာစာပေများကို ဖတ်ရှုလေ့လာမိရာမှ လာဘ်ပေးလာဘ်ယူခြစားမှုအကျင့်ဆိုးသည် မြတ်ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းက ရှိခဲ့ဖူးသည်။ ဗုဒ္ဓဂယာရောက်ဖူးကြသူတိုင်း သာဝတ္ထိမြို့ကိုရောက်ကြပါက လာဘ်စားခဲ့သော ပသေနဒီကောသလမင်းကြီးအကြောင်းကို သိခဲ့ကြရသည်။

ဇေတဝန်ကျောင်းတော်နှင့် သာဝတ္ထိမြို့ကြားရှိ ဇေတဝန်ကျောင်းတော်အဝကို တိတ္ထိတက္ကတွန်းများက ပိတ်ဆို့ပြီး သူတို့ကျောင်းတိုက်ကြီးကို ဆောက်လုပ်ခဲ့ကြသည်။ တိတ္ထိတက္ကတွန်းများသည် ကိုယ်တုံးလုံးအကျင့်ကို ကျင့်ကြံကြသူများဖြစ်ကြသဖြင့် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးတရားနာလာလိုကြသည့် အမျိုးသမီးကောင်းများသည် မျက်စိရှက်၊ ကန္တြေကိုငဲ့ကွက်ပြီး

**❖ တံစိုးလက်ဆောင်လာဘ်စားအောင်မြင်နေကြသူများသည် စားနေကြဆဲမှာ ပြောင်ပြောင်ရောင်ရောင်ဖြစ်နေကြသော်လည်း ထိုတံစိုးလက်ဆောင်များကပင် နောက်ပိုင်းတွင် ဆင်းရဲသွားအောင် ဆောင်ကြဉ်းအကျိုးပေးစေတတ်သည်။ လာဘ်စားကောင်းနေကြသူများ ကောင်းစားနေသောနှစ်များသည် သူတို့သေပန်းပွင့်သောနှစ်များ၊ ခေတ်များဖြစ်ကြောင်း၊ "ငှက်ပျော၊ ဝါး၊ ကျူများ"သီးသောနှစ်များသည် ၎င်းတို့ သေပန်းပွင့်သောနှစ်များ၊ ပျက်သုဉ်းသောနှစ်များဖြစ်ကြောင်း "ဆရာကြီး(ဦး)ဆန်းထွန်း(မန်းတက္ကသိုလ်)"က ရေးသားသတိပေးခဲ့ဖူးသည်။ ❖**

မလာဝံ့မသွားဝံ့ဖြစ်ခဲ့ကြရသည်။ ဗုဒ္ဓဘာသာဝင်၊ ရဟန်းရှင်လူများက အုန်းအုန်းကျွက်ကျွက်ပွက်လောရိုက်ကာ ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓက ဇေတဝန်ကျောင်းတော်အဝတွင် တိတ္ထိတက္ကတွန်းကျောင်းဆောက်လုပ်ခွင့်မပြုရန် ပသေနဒီကောသလမင်းကြီးထံ ရှင်အာနန္ဒာကို စေလွှတ်မေတ္တာရပ်ခံစေခဲ့သည်။ သို့သော် ပသေနဒီကောသလမင်းကြီးက တိတ္ထိတက္ကတွန်းများထံမှ သိန်းနှင့်ချီပြီး လာဘ်စားထားသဖြင့် ရှင်အာနန္ဒာကို အတွေ့မခံဘဲ ရှောင်နေခဲ့သည်။ မြတ်ဗုဒ္ဓက လက်ယာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်မောဂ္ဂလ္လာန်မထေရ်တို့ကို စေလွှတ်မေတ္တာရပ်ခံစေခဲ့ပြန်သည်။ ကောသလမင်းကြီးက ခရီးထွက်နေလေဟန်ဖြင့် အတွေ့မခံဘဲ ပုန်းကွယ်နေခဲ့သည်။

နောက်ဆုံးမှာတော့ မြတ်ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ပဲ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ မဟာသာဝကကြီးများအပါအဝင် ဇေတဝန်ကျောင်းတော်ရှိ သံဃာတော်အကုန် နန်းတော်သို့ ကြွရောက်ခဲ့ကြသည်။ သည်တော့မှ ကောသလမင်းကြီးသည် မနေသာတော့ဘဲ နန်းတော်ဝမှာပဲ ဘုရားရှင်ကို ထွက်တွေ့ဖူးမြော်ပြီး ယာဂုဆွမ်းများဆက်ကပ်လှူဒါန်းခဲ့သည်။

မြတ်စွာဘုရားက လာရင်းကိစ္စကို တိုက်ရိုက်မမြွက်ဟဘဲ ရသေ့ရဟန်းများထံမှ လာဘ်စား၊ အဂတိလိုက်စား၊ မတရားဆုံးဖြတ်ခဲ့သည့် **"ဘရုရာဇ်မင်း"**ကြောင့် တိုင်းပြည်ပျက်စီးခဲ့ရပုံကို သွယ်ဝိုက်၍ ဟောကြားတော်မူခဲ့သည်။

ဘရုဇာတ်သည် ဒုကနိပါတ်။ ၂၁၃ ခုမြောက်ဇာတ်ဖြစ်သည်။ လွန်လေပြီးသောအခါက ဘရုတိုင်း၌ ဘရုရာဇ်မင်းလက်ထက်တွင် ဘုရားလောင်းတော်သည် အဘိညာဉ်သမာပတ်နှင့်ပြည့်စုံသော ဂဏပါမောက္ခရသေ့ကြီးဖြစ်ပြီး ဟိမဝန္တာတောအရပ်၌ သီတင်းသုံးနေတော်မူခဲ့သည်။ တစ်ရံသောအခါတွင် ချဉ်ဆားအာဟာရမှီဝဲအံ့သောငှာ ငါးရာသောရသေ့များခြံရံပြီး ဘရုပြည်သို့ ဆွမ်းခံဝင်ခဲ့ကြသည်။ ဆွမ်းခံအပြီးတွင် ဘရုပြည်မြောက်ဘက်မှ ပြန်လည်ထွက်ခွာခဲ့ကြရာ မြောက်မျက်နှာတံခါးဝရှိ ကြီးမားမြင့်ခေါင်ပညောင်ပင်အခြေအရိပ်၌ ဆွမ်းဘုဉ်းပေးခဲ့ကြပြီး ထိုအရပ်မှာပင် ရသေ့တို့သည် တစ်လခွဲကြာနေခဲ့ကြသည်။

ထိုနည်းတူပင် အခြားရသေ့ငါးရာတို့သည်လည်း ဘရုပြည်တွင်း ဆွမ်းခံဝင်ခဲ့ကြရာမှ ပြန်အထွက်တွင် တောင်ဘက်မျက်နှာတံခါးဝရှိ ကြီးမားမြင့်ခေါင် ပညောင်ပင်အခြေအရိပ်၌ ဆွမ်းဘုဉ်းပေးခဲ့ကြပြီး နားခိုနေခဲ့ကြသည်။ ထိုအရပ်၌ မွေ့လျော်သမျှနေခဲ့ကြပြီး ဟိမဝန္တာတောသို့ ပြန်ကြွသွားခဲ့ကြသည်။

နောက်တစ်ဖန်ပြန်ကြွလာကြသောအခါ တောင်တံခါးဝရှိ ပညောင်ပင်ကြီးမှာ ခြောက်သွေ့သွားသောကြောင့် မြောက်တံခါးဝရှိ ပညောင်ပင်ကြီးအောက်သို့ ရောက်လာခဲ့ကြသည်။ ထို့ကြောင့် ဘုရားအလောင်းရသေ့ကြီးပါဝင်သော ရသေ့များက "ငါတို့ရှေ့ဆုံးရောက်နေလို့ ငါတို့ပညောင်ပင်"ဟုပြောဆိုခဲ့ကြရာ နောက်မှရောက်လာကြသော ရသေ့များကလည်း "ငါတို့ ယခင်ကတည်းခိုခဲ့ကြတဲ့ ငါတို့ပညောင်ပင်ဟု ငြင်းခုံခဲ့ကြသည်။ ထိုသို့ သူ့ပညောင်ပင်၊ ငါ့ပညောင်ပင်ဟု အပြန်အလှန်ငြင်းခုံနေကြသည့်ပြဿနာက ဘရုရာဇ်မင်းကြီးထံရောက်သွားသောအခါ ဘရုရာဇ်မင်းကြီးက "ရှေးဦးစွာရောက်နေကြသော ရသေ့များနေစေ"ဟု ဆုံးဖြတ်ပေး၏။ နောက်မှရောက်လာကြသော ရသေ့များက စကြာမင်းတို့၏အသုံးအဆောင်ပစ္စည်းများနှင့် လာဘ်ထိုး ဆက်သခဲ့ရာ ဘုရင်က နှစ်ဦးနှစ်ဖက်စလုံးနေစေဟု ဆုံးဖြတ်ခဲ့ပြန်သည်။

ထို့ကြောင့် ရှေးဦးစွာနေခဲ့ကြသော ရသေ့များကလည်း ဘုရင်ကို တံစိုးလက်ဆောင်များပေးကမ်းခဲ့လေရာ ဘုရင်က ရှေးဦးစွာနေခဲ့သောရသေ့များသာနေစေဟု ဆုံးဖြတ်ခဲ့ပြန်သည်။ ထိုအခါ နှစ်ဖက်သောရသေ့တို့သည် လောကီကိလေသာကိုစွန့်ခွာ၍ ရသေ့ရဟန်းပြုနေကြပါလျက် တံစိုးလက်ဆောင်ပေး၍ငြင်းခုံရန်ပွားနေခြင်းကား ကြားရသူတို့ ရယ်ဖွယ်ရာဖြစ်နေသည်။ နှလုံးမသာမယာဖြစ်ရသည့်ဘေးမှ ကင်းဝေးရာ ဟိမဝန္တာတောသို့ပြန်ကြွသင့်ကြသည်ဟု ဆင်ခြင်သုံးသပ်ကာ ရသေ့အားလုံး ဟိမဝန္တာတောသို့ပြန်ကြွသွားကြလေတော့သည်။

ဘရုတိုင်းပြည်၌ရှိနေကြသော နတ်တို့ကလည်း စုဝေးကြကာ ရသေ့ရဟန်းတို့ကို ခိုက်ရန်ဖြစ်ပွားအောင် မတရားသဖြင့် တံစိုးလက်ဆောင်စား၍ မတရားသောအမှုကိုပြုကျင့်သည့် ဘရုရာဇ်မင်းကြီးကို အမျက်ဒေါသထွက်ကုန်ကြကာ ယူဇနာသုံးရာကျယ်ဝန်းသော ဘရုတိုင်းပြည်ကို သမုဒ္ဒရာရေဖြင့် ဖုံးလွှမ်းပစ်ခဲ့ကြသည်။ ဘရုတိုင်းပြည်ပျက်စီးပျောက်ကွယ်သွားခဲ့သည်။ (အုန်းကျွန်းတစ်ထောင်ဟူ၍ ထင်ရှားနေသည်)

မြတ်ဗုဒ္ဓက ဘရုဇာတ်ကို သွယ်ဝိုက်ပြီးဟောကြားတော်မူပါမှ ပသေနဒီကောသလမင်းကြီးသည် ကြောက်လန့်သံဝေဂရသွားကာ ဘဏ္ဍာတိုက်မှ ငွေတော်များဖြင့် တတ္ထိတက္ကတွန်းများထံမှ မြေကွက်ကိုဝယ်ယူပြီး ဘိက္ခုနီတို့အတွက် ကျောင်းဆောက်လှူဒါန်းခဲ့ရသည်။

ထိုလာဘ်စားခဲ့သော မင်းကြီးသည် မြတ်ဗုဒ္ဓ၏ တရားပေါင်းများစွာကို နာယူခွင့်ရခဲ့သော်လည်း သောတာပန်စသည့် အရိယာသူတော်စင်မဖြစ်ခဲ့ပေ။ ဆွမ်းဒါနအစုစုကိုကား လှူဒါန်းခဲ့သည်။ မြတ်ဗုဒ္ဓအား ကြည်ညိုပူဇော်ခဲ့သည်။ သေပြီးနောက် ဘယ်ဘဝသို့ရောက်နေသည်ကိုလည်း မြတ်ဗုဒ္ဓ၏ဟောကြားချက်တွင်မရှိ။ သို့သော် ဘုရားဖြစ်ရန် ဆုပန်ထားသူမို့ အနာဂတ်မှာဘုရားဖြစ်ကြမည့် ဘုရားလောင်း ၁၀ ပါးရှိကြသည့်အနက် ခုနစ်ပါးမြောက် ဘုရားဖြစ်မည့်သူသည် ပသေနဒီကောသလမင်းကြီးဖြစ်သည်ဟု **"အနာဂတဝံသကျမ်း"**မှာ ဖော်ပြထားသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်ကတည်းက လာဘ်စားခြစားမှုသည် ယခုသာသနာနှစ် ၂၆၀၀ ရောက်ခါနီးတွင် ပို၍ပြန့်ပွားဆိုးရွားနေလေပြီ။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လာဘ်စားခြစားမှုဒဏ်ကို ခံနေကြရလေပြီ။

လာဘ်စားသူ၊ ခြစားသူများကို ဖော်ထုတ်နိုင်သည့်နည်းတစ်နည်းမှာ မိမွေဘမွေအထုအထည်မရှိပါဘဲလျက် ဝင်ငွေထက်ပို၍ မြောက်မြားစွာထားစရာမရှိအောင် အလျှံပယ်ဖြိုးကြွယ်နေကြသူများကို အသေးစိတ်ဖော်ထုတ်စစ်ဆေးသည့်နည်းပင်ဖြစ်သည်။

ခရစ်နှစ် ၁၁ ရာစုက ထင်ရှားခဲ့သော အရှင်ဝိညာနိဿရ ရေးသားဖွင့်ဆိုခဲ့သည့် မိတက္ခရာဋီကာတွင် လာဘ်ယူသူအပြစ်ရှိသလို လာဘ်ပေးသူလည်းအပြစ်ရှိသည်ဟု ဖော်ပြထားသည်။

လာဘ်ပေးသူများက အကျင့်ပျက်အောင်ဖျက်ထားကြသဖြင့် လာဘ်စားသူများက ကမ်းတက်နေကြသည်။ ပေးမှုသည် ပါရမီဆယ်ပါးတွင် အစဆုံးပါရမီဖြစ်သည်။ **(ဒါနပါရမီ)**ပေးမှုသည် ရာဇဓမ္မဆယ်ပါးတွင် အစဆုံးရာဇဓမ္မဖြစ်သည်။ **(မင်းကျင့်တရား)**ပေးမှုသည် သင်္ဂဟတရားလေးပါးတွင် အစဆုံးသင်္ဂဟတရားဖြစ်သည်။ **(စည်းရုံးရေးတရား)**

အပေးမှန်လျှင်ပါရမီဖြစ်သည်။ ရာဇဓမ္မဖြစ်သည်။ သင်္ဂဟတရားဖြစ်သည်။ အပေးမှားလျှင် တံစိုးလက်ဆောင်ဖြစ်သွားသည်။ လာဘ်ထိုးမှုဖြစ်သွားသည်။

**"မတော်မလျား၊ ကြေးငွေစား၍၊ စီးပွားမသောင်း၊ ရှေးသော်ကောင်းလည်း၊ နှောင်းလေသော၏၊ ဆင်းရဲရွာလျက်"**(ငရဲစခန်းပျို့)

**"ရွှေသည်မြေ၊ ငွေသည်မြေ၊ လက်ဆောင်သည်မြေ၊ တံခိုးသည်မြေ၊ လာဘ်သည်မြေ။ ရွှေငွေပေးလည်း မြေပွေးမြေဟောက်၊ ပေါက်ပေါက်ကိုက်ဟပ်၊ မှတ်တို့အပ်၏"**(ငရဲစခန်းပျို့)

တံစိုးလက်ဆောင်လာဘ်စားအောင်မြင်နေကြသူများသည် စားနေကြဆဲမှာ ပြောင်ပြောင်ရောင်ရောင်ဖြစ်နေကြသော်လည်း ထိုတံစိုးလက်ဆောင်များကပင် နောက်ပိုင်းတွင် ဆင်းရဲသွားအောင် ဆောင်ကြဉ်းအကျိုးပေးစေတတ်သည်။

လာဘ်စားကောင်းနေကြသူများ ကောင်းစားနေသောနှစ်များသည် သူတို့သေပန်းပွင့်သောနှစ်များ၊ ခေတ်များဖြစ်ကြောင်း၊ **"ငှက်ပျော၊ ဝါး၊ ကျူများ"** သီးသောနှစ်များသည်၎င်းတို့သေပန်းပွင့်သောနှစ်များ၊ ပျက်သုဉ်းသောနှစ်များဖြစ်ကြောင်း **"ဆရာကြီး(ဦး)ဆန်းထွန်း(မန်းတက္ကသိုလ်)"**က ရေးသားသတိပေးခဲ့ဖူးသည်။ ထို့ပြင် ပေပင်အသီးသီးပြီးလျှင် အပင်သေသွားသကဲ့သို့ ကျီးသည်လည်း တစ်သားမွေးပြီးလျှင် ဘဝဆုံးသွားသည်။

လက်တွေ့တွင်လည်း အမှန်တရားများက သက်သေခံနေပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၉၂၀၈ ဧက နုတ်သိမ်းပြီးစီး

**ကောလင်း မေ ၄**



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၉၂၀၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၉၂၀၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၂ ဒသမ ၇၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

“ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၉၂၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ စိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧကအထွက်နှုန်းတိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၀၀၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၁၅၂ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၂၀၅၄ ဧက စုစုပေါင်း ၉၂၀၈ ဧက ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၈၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၉၂၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်၌ မြေပဲစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရန် ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၂၀၆)

# ညောင်လေးပင်မြို့နယ် မယ်ဇလီခင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် မေ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးတုပ္ပံကျေးရွာအုပ်စု မယ်ဇလီခင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မယ်ဇလီခင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မယ်ဇလီခင်ကျေးရွာ၌ တစ်ဖက်လျှင် လမ်း အရှည် ပေ ၁၄၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီး လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂၃၅ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မြန်မာတို့ရဲ့ အတာသင်္ကြန်

\- ပိတောက်ရနံ့တွေနဲ့
သင်းပျံ့နေတဲ့ ဂိမှာန်နွေ၊
တာသင်္ကြန် ရေသဘင်ပွဲ
ခြိမ့်သဲကြိုနေ၊
ခေတ်အဆက်ဆက် ရိုးရာအမွေ
ထိန်းသိမ်းကာလေ ဆင်နွှဲကြ၊
အောင်ပါစေ သပြေနုတွေနဲ့
တောင်းဆုခြွေသ။

\- နွေသဘင် တံလျှပ်ကြားမှာ
ခံစားရတဲ့ ရာသီဒဏ်၊
သောကပူ ဘယာဝေးလို့
ညစ်ကြေးကင်းရန်၊
တန်ခူးလ နွေဂိမှာန်
ရောက်ခဲ့ပြန် အချိန်ကျ၊
“စိတြ”ခေါ် နက္ခတ်အခါနဲ့
ရာသီ“မိဿ”။

\- တူးပို့သံ သင်္ကြန်တေးတွေက
ငြိမ့်ငြိမ့်အေး နားဝင်ချို၊
မြင်သူတကာ ညွှတ်တိမ်းရတဲ့
ယိမ်းလှမှုပို၊
ဆရာသမားနဲ့ သက်ကြီးရွယ်အို
စင်ကြယ်စေလို မြတ်ဒါန၊
ခေါင်းလျှော်ကာ ကြေးညှော်ရှင်းကြတယ်
မြင်ကွင်းတွေလှ။

\- စိတ်စေတနာ သဒ္ဓါအလှနဲ့
ကျွေးမွေးကြ တူပျော်ပျော်၊
ကြည်နူးဖွယ် တပြုံးပြုံးနဲ့
မုန့်လုံးရေပေါ်၊
ဘေးမဲ့လွှတ် ကုသိုလ်တော်
ပြုမြဲနော် ထူးမြတ်ပေ့၊
နှစ်ကူးမှာ ဆင်နွှဲပျော်
ပွဲတော်မဟာ မြန်မာဓလေ့
မာပါစေ သာပါစေ
အတာရေ တူယှဉ်ဖျန်းလို့
ချမ်းမြေ့ပျော် ပြည်တစ်ဝန်းမှာ
လန်းဆန်းကြည်မွေ့။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**
- **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဆီဘက်ရှန်လီကော်နူးနှင့် ဖုန်းခေါ်ဆိုဆွေးနွေး





**မော်စကို မေ ၄**

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးနှင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဆီဘက်ရှန်လီကော်နူးတို့သည် မေ ၃ ရက်တွင် ဖုန်းခေါ်ဆို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ပြင်သစ်နိုင်ငံအနေဖြင့် ယူကရိန်းသို့ တပ်များစေလွှတ်ခြင်း မပြုရန် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက ပြင်သစ်ကာကွယ်ရေးဝန်ကြီးကို သတိပေးခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်အစိုးရ အနေဖြင့် ယူကရိန်းသို့ တပ်များစေလွှတ်မည်ဆိုလျှင် ပြင်သစ်နိုင်ငံအတွက်လည်း ပြဿနာများ ရှိလာလိမ့်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက မေ ၃ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ယူကရိန်းသို့ အနောက်အုပ်စုနိုင်ငံများမှ လက်နက်ကိုင်တပ်များစေလွှတ်ရေးအတွက် ဖြစ်နိုင်ခြေ ရှိ၊ မရှိမှာ ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြောကြားခဲ့ပြီးနောက် ရုရှားနှင့်ပြင်သစ်ကာကွယ်ရေးဝန်ကြီးများ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

မေ ၃ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် ရုရှားနှင့်ပြင်သစ်ကာကွယ်ရေးဝန်ကြီးများအတွက် ၂၀၂၂ ခုနှစ် အောက်တိုဘာလ နောက်ပိုင်း ပထမဆုံး ဖုန်းခေါ်ဆိုဆွေးနွေးမှုဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းပြဿနာအတွက် ညှိနှိုင်းဆွေးနွေးရန် အသင့်ရှိကြောင်းလည်း ရုရှားကာကွယ်ရေးဝန်ကြီးက မေ ၃ရက် ဖုန်းခေါ်ဆို ဆွေးနွေးပွဲတွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ထိုင်းပင်လယ်ကွေ့၌ ကူးတို့သင်္ဘောမီးလောင် ကြောက်လန့်နေသည့်ခရီးသည်များ ရေထဲခုန်ချ

**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံ ထိုင်းပင်လယ်ကွေ့ရေပြင်အတွင်း ယနေ့နံနက်ပိုင်းက ခရီးသည်တင်ကူးတို့သင်္ဘောတစ်စီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ကြောက်လန့်တကြား ဖြစ်ခဲ့ရသော ခရီးသည်များ ပင်လယ်ထဲခုန်ချခဲ့ကြကြောင်း သိရသည်။

ဆူရတ်သာနီပြည်နယ်မှ ထွက်ခွာလာသည့် အဆိုပါကူးတို့သင်္ဘောသည် ခိုတောင်အပန်းဖြေကျွန်းသို့ ရောက်ခါနီးချိန်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

သို့သော် အဆိုပါကူးတို့သင်္ဘောပေါ်တွင် လိုက်ပါလာသူ လူပေါင်း ၁၀၈ ဦးလုံး အသက်အန္တရာယ်မရှိခဲ့ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

၎င်းခရီးသည်တင်ကူးတို့သင်္ဘောပေါ်တွင် လိုက်ပါလာသူ ၁၀၈ ဦး အနက် ၉၇ ဦးမှာ ခရီးသည်များဖြစ်ကြသည်။

ကူးတို့သင်္ဘောမီးလောင်ကျွမ်းမှုသည် သင်္ဘော၏အင်ဂျင်ခန်း၌ စတင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားစဉ် ခရီးသည်များ ရေထဲခုန်ချခဲ့ကြသည့်တိုင် အားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ထိုင်းတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ကူးတို့သင်္ဘောမီးလောင်မှုကို ထိုင်းအာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



## အိန္ဒိယ၌ အပ်ချုပ်ဆိုင်မီးလောင်မှုဖြစ်ပွား ကလေး နှစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံး

**ဒေလီ မေ ၄**

အိန္ဒိယနိုင်ငံ မဟာရက်ရှ်ထြ ပြည်နယ် အော်ရန်ဂါဘတ်မြို့ရှိ အပ်ချုပ်ဆိုင်တစ်ဆိုင်၌ မေ ၃ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦးအပါအဝင် လူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အပ်ချုပ်ဆိုင်မီးလောင်မှုကြောင့် သေဆုံးသူများမှာ မီးခိုးမွန်မှုကြောင့် သေဆုံးခဲ့ရသူများဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အိန္ဒိယတာဝန်ရှိသူများသည် အပ်ချုပ်ဆိုင်မီးလောင်မှုနောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် တစ်ခါတစ်ရံအဆောက်အအုံတည်ဆောက်မှု ဥပဒေများ၊ လုံခြုံရေးစည်းမျဉ်းများကို ချိုးဖောက်တတ်ကြရာ အိန္ဒိယနိုင်ငံ၌ မီးလောင်မှုများ မကြာခဏဖြစ်ပွားတတ်သည်။

၂၀၂၂ ခုနှစ်တွင် ဒေလီမြို့ အဆောက်အအုံတစ်လုံး၌ လျှပ်စစ်ဝိုင်ယာကြိုး ပြဿနာကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၄၃ ဦး သေဆုံးခဲ့ရသည်။

အလားတူ ၂၀၂၂ ခုနှစ်မှာပင် ဒေလီမြို့ရှိ လေးထပ်အဆောက်အအုံတစ်လုံးမီးလောင်ခဲ့ရာ အနည်းဆုံး လူ ၂၇ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဆွစ်ဇာလန်၏လူဦးရေ နှစ်ပေါင်း ၆၀ အတွင်း အမြန်ဆုံးနှုန်းဖြင့် စံချိန်တင်မြင့်တက်

**ဂျိန်ီဗာ မေ ၄**

ဆွစ်ဇာလန်နိုင်ငံ၏ ၂၀၂၃ ခုနှစ် လူဦးရေသည် နှစ်ပေါင်း ၆၀ အတွင်း အမြန်ဆုံးနှုန်းဖြင့် မြင့်တက်လာခဲ့ကြောင်း ဆွစ်ဇာလန်ဖက်ဒရယ်အစိုးရ စာရင်းအင်းဗျူရိုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

စစ်ဘေးရှောင် ယူကရိန်းနိုင်ငံသားများအပါအဝင် ရွှေ့ပြောင်းဝင်ရောက်သူများစံချိန်တင်ဝင်ရောက်ခဲ့မှုကြောင့် ဆွစ်ဇာလန်၏ ၂၀၂၃ ခုနှစ် လူဦးရေစံချိန်တင်မြင့်တက်လာခဲ့ရခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ၌ အမြဲတမ်းနေထိုင်သူအရေအတွက်မှာ ဦးရေ ၁၄၅၄၀၀ ပိုတိုးလာခဲ့ပြီး စုစုပေါင်း လူဦးရေ ၈၉၆၀၈၀၀ ထိရှိလာခဲ့ကြောင်း ဆွစ်ဇာလန်အစိုးရစာရင်းအင်းဗျူရိုကသတင်းထုတ်ပြန်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ၏ ၂၀၂၃ ခုနှစ် လူဦးရေသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဆွစ်ဇာလန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည် ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်မှာ ဦးရေ ၁၄၂၃၀၀ ထိရှိခဲ့ပြီး ဦးရေ ၅၂၀၀၀ ခန့်မှာ ယူကရိန်းနိုင်ငံသားများဖြစ်ကြသည်။

ကလေးမွေးဖွားမှုနှုန်းကျဆင်းမှုနှင့်ရင်ဆိုင်နေရသည့် ဆွစ်ဇာလန်နိုင်ငံသည် လုပ်သားအင်အားစုအတွက် ရွှေ့ပြောင်းဝင်ရောက်သူများကိုသာ အားပြုနေရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အီရန်သံရုံးတိုက်ခိုက်ခံရမှုကို ရှုတ်ချထားသည့် လုံခြုံရေးကောင်စီ ကြေညာချက် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံတို့ ကန့်ကွက်



**နယူးယောက် မေ ၄**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးတိုက်ခိုက်ခံရမှုကို ရှုတ်ချထားသည့်ကြေညာချက်အား ကုလမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့် အတည်ပြုနိုင်မှုမရှိခဲ့ကြောင်း မေ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရုရှားနိုင်ငံက မူကြမ်းရေးသားထားသည့် အဆိုပါကုလသမဂ္ဂလုံခြုံရေးကောင်စီ ကြေညာချက်ကို မေ ၃ ရက်တွင် မဲခွဲခဲ့ရာ အမေရိကန်၊ ဗြိတိန်၊ပြင်သစ်နိုင်ငံတို့က ကန့်ကွက်ခဲ့ကြသည်။

ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အကြောင်းအရာ အတော်များများမှာ ရှင်းလင်းမှုမရှိသေးကြောင်း အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်တို့က ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီ ကြေညာချက်ကို ကန့်ကွက်ခဲ့ကြသည်။

လုံခြုံရေးကောင်စီ အနေဖြင့် ကြေညာချက်တစ်ရပ် အတည်ပြုထုတ်ပြန်ရေးအတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံစလုံး၏ သဘောတူညီချက်ရယူရန် လိုအပ်သည်။

အီရန်သံရုံး တိုက်ခိုက်ခံရမှုကို ရှုတ်ချထားသည့် လုံခြုံရေးကောင်စီ ကြေညာချက်အား အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်တို့က ဆန့်ကျင်ခဲ့မှုသည် ယင်းနိုင်ငံများအနေဖြင့် နိုင်ငံတကာ ပြဿနာများအတွက် စံနှုန်းနှစ်မျိုး ကျင့်သုံးနေမှုကို သက်သေပြနေကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီးက ဝေဖန်ခဲ့သည်။


ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ရှေးယခင်က သံတမန်နေရာဌာနများ တိုက်ခိုက်ခံရမှုကို ရှုတ်ချသည့်ကြေညာချက်များ ထုတ်ပြန်ခဲ့ဖူးသည်။

ဧပြီ ၁ ရက်တွင်ဖြစ်ပွားခဲ့သည့် အီရန်သံရုံးတိုက်ခိုက်ခံရမှုအတွက် အစ္စရေးနိုင်ငံတွင် တာဝန်ရှိကြောင်း အီရန်ခေါင်းဆောင်များက ပြစ်တင်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာနှင့် ဘိုးရင်းကုမ္ပဏီက စတားလိုင်နာအာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို မူလသတ်မှတ်ရက်မှ ငါးရက်နောက်ဆုတ်ထား



**ဝါရှင်တန် မေ ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို မူလသတ်မှတ်ရက်မှ ငါးရက်နောက်ဆုတ်ထားကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မေ ၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဘိုးရင်းကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် မူလက စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မေ ၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်အဝင်အထွက်များနှင့်ညှိ၍ စတားလိုင်နာ အာကာသလူသယ်ယာဉ် လွှတ်တင်မည့်အချိန်ကို ငါးရက်နောက်ဆုတ်ထားခြင်းဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီမှ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

CFT အမည်ရှိ အထက်ပါ မစ်ရှင်သည် စတားလိုင်နာအာကာသလူသယ်ယာဉ်၏ တတိယမြောက်မစ်ရှင်ဖြစ်ပြီး အာကာသယာဉ်မှူးများလိုက်ပါမည့် ပထမဆုံးမစ်ရှင်လည်းဖြစ်သည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသော စတားလိုင်နာမစ်ရှင်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၂ ခုနှစ် မေလတို့တွင် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အမေရိကန်သိပ္ပံပညာရှင်များက ကမ္ဘာ့အကြီးဆုံးဒစ်ဂျစ်တယ်ကင်မရာစနစ်ဖြင့် စကြဝဠာကိုစူးစမ်းလေ့လာရန် စီစဉ်ထား

**ဝါရှင်တန် မေ ၄**

အမေရိကန်သိပ္ပံပညာရှင်များသည် ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာစနစ်ဖြင့် စကြဝဠာကို စူးစမ်းလေ့လာရန် စီစဉ်ထားကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

LSST အမည်ရှိ အဆိုပါ ဒစ်ဂျစ်တယ်ကင်မရာသည် Mega-pixel 3200 ရှိသည့် ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာစနစ်ဖြစ်ကြောင်း သိရသည်။

LSST ဒစ်ဂျစ်တယ်ကင်မရာစနစ်ကို ချီလီနိုင်ငံအခြေစိုက် ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်စခန်း၌ တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

LSST ဒစ်ဂျစ်တယ်ကင်မရာ



စနစ်သည် အရွယ်အစားအားဖြင့် အိမ်စီးကားတစ်စီးစာ အရွယ်ရှိပြီး အလေးချိန်မှာ မက်ထရစ်တန် သုံးတန်ရှိသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များအနေဖြင့် LSST ဒစ်ဂျစ်တယ်ကင်မရာစနစ်ဖြင့် မဟူရာဒြပ်စင်ခေါ် ဒြပ်စင်တစ်မျိုးကို စူးစမ်းလေ့လာမည်ဖြစ်သည်။

လက်ရှိတွင် LSST ဒစ်ဂျစ်တယ် ကင်မရာစနစ်ဖြင့် လေ့လာမည့် အာကာသနယ်မြေကို သိပ္ပံပညာရှင်များ မရွေးချယ်ရသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## လကမ္ဘာနှင့်အခြားနေအဖွဲ့အစည်းအတွင်းရှိ အခြားအာကာသဒြပ်ထည်များအတွက် တစ်သမတ်တည်းသောစံတော်ချိန်သတ်မှတ်ပေးရန် နာဆာကို ကန်အစိုးရ ညွှန်ကြားထား

**ဝါရှင်တန် မေ ၄**

လကမ္ဘာနှင့် အခြားနေအဖွဲ့အစည်းအတွင်းရှိ အခြားအာကာသဒြပ်ထည်များအတွက် တစ်သမတ်တည်းသော စံတော်ချိန်သတ်မှတ်ပေးရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)ကို အမေရိကန်အစိုးရက ညွှန်ကြားထားကြောင်း မေ ၃ ရက်သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ၏ ညွှန်ကြားချက်အရ နာဆာအဖွဲ့သည် လကမ္ဘာအတွက် LTC ခေါ် စံတော်ချိန်တစ်ရပ်ကို ၂၀၂၆ ခုနှစ်တွင် ဖန်တီးပေးရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် လမျက်နှာပြင်ကို လေ့လာနေသည့် နိုင်ငံများအနေဖြင့် လေ့လာစူးစမ်းရေးတာဝန်များ ပြုလုပ်ရာတွင် ၎င်းတို့၏ ကိုယ်ပိုင်အချိန်ဇုန်များကိုသာ အသုံးပြုနေကြသည်။

သို့ရာတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် လပေါ်၌ လူနေအခြေစိုက်စခန်းများ တည်ဆောက်မည်ဆိုလျှင် ကိုယ်ပိုင်အချိန်ဇုန်များသုံးစွဲမှုပုံစံမှာ ကြာရှည်ခံလိမ့်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

တစ်ခုတည်းသော လကမ္ဘာစံတော်ချိန်ကို အသုံးမပြုနိုင်ခဲ့ပါက အာကာသယာဉ်များကြား အချက်အလက်လွှဲပြောင်းပေးပို့မှု၊ ကမ္ဘာဂြိုဟ်၊ လပတ်ဂြိုဟ်တုများ၊ လအခြေစိုက်စခန်းများနှင့် အာကာသယာဉ်မှူးများကြား အချိန်ကိုက်ဆက်သွယ်နိုင်မှုတို့အတွက် ပြဿနာရှိလာနိုင်ကြောင်း၊ လကမ္ဘာအတွက် တစ်သမတ်တည်းသော စံတော်ချိန်ထားရှိရန် ဥရောပအာကာသအေဂျင်စီကလည်း ၂၀၂၃ ခုနှစ်က အကြံပြုခဲ့ဖူးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## နှလုံးရောဂါကုသရာတွင် ဆားလျှော့စားရေးက အရေးကြီးသော်လည်း နှလုံးရောဂါလူနာများ ဆားစားသုံးမှုကို ကန့်သတ်ထားခြင်းမရှိ

**နယူးယောက် မေ ၄**

နှလုံးရောဂါကို ကုသရာတွင် ဆားလျှော့စားရေးသည် အရေးကြီးသော်လည်း နှလုံးရောဂါလူနာအများစုအနေဖြင့် ဆားစားသုံးမှုကို ကန့်သတ်ထားခြင်းမရှိကြောင်း သုတေသနပညာရှင်များက မေ ၃ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နှလုံးရောဂါလူနာများ နေ့စဉ်စားသုံးသည့်ဆားပမာဏမှာ ပျမ်းမျှအားဖြင့် သတ်မှတ်ထားသောပမာဏထက် နှစ်ဆပိုမြင့်မားနေကြောင်း သိရသည်။

ဆားသည် လူ့ကျန်းမာရေးအတွက် အရေးကြီးသော်လည်း အလွန်အကျွံစားသုံးပါက သွေးဖိအားမြင့်တက်၍ သွေးကြောများ ပျက်စီးသွားတတ်ပြီး နှလုံးဝန်ပိသွားတတ်ကြောင်း သိရသည်။

နှလုံးရောဂါ လူနာများအနေဖြင့် နေ့စဉ်ဆားကို ၁၅၀၀ မီလီဂရမ်ထိသာ စားသုံးသင့်သည်ဟု ဆေးပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ နှလုံးလူနာအများစုမှာ အထက်ပါအကြံပြုချက်အတိုင်း ဆားစားသုံးမှုကို ကန့်သတ်ထားနိုင်ခြင်းမရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ နှလုံးလူနာအများစုအနေဖြင့် နေ့စဉ် ဆားပမာဏ ၃၀၉၆ မီလီဂရမ်ထိ စားသုံးနေကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကီတိုဓာတ်စာခေါ် ဓာတ်စာပုံစံတစ်မျိုးက စိတ်ကျန်းမာရေးအခြေအနေကို မြှင့်တင်ပေးနိုင်

**နယူးယောက် မေ ၄**

ကီတိုဓာတ်စာ (Keto) ခေါ် ဓာတ်စာပုံစံတစ်မျိုးသည် စိတ်ကျန်းမာရေးအခြေအနေကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

ကီတိုဓာတ်စာများသည် ပရိုတင်းနှင့် အဆီဓာတ်ပါဝင်မှုမြင့်မားပြီး ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းသည့် ဓာတ်စာပုံစံဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များပြုလုပ်ခဲ့သော ရှေ့ပြေးစမ်းသပ်လေ့လာမှုများအရ ကီတိုဓာတ်စာသည် စိတ်ကစဉ့်ကလျားရောဂါ (Schizophrenia)နှင့်စိတ်အတက်အကျမြန်မှုရောဂါ (Bipolar Disorder) လက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အထက်ပါစိတ်ဝေဒနာနှစ်မျိုးခံစားနေရသူလူနာ ၁၆ ဦးကို ကီတိုဓာတ်စာပုံစံများဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ စိတ်ဝေဒနာလူနာများသည် ကီတိုဓာတ်စာများစားသုံးပြီး လေးလကျော်အကြာတွင် စိတ်ဝေဒနာလက္ခဏာများ လျော့ပါးသွားသည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် အထက်ပါ စိတ်ဝေဒနာလူနာများတွင် ဇီဝရုပ်ဓာတုပြောင်းလဲမှုဖောက်ပြန်ခြင်းများ (Metabolic Syndromes) လည်း လျော့ပါးလာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

ML

**ဝုဗ် Vs ဝက်စ်ဟမ်း**

**ကစားမည့်ရက်/အချိန် ၆-၄-၂၀၂၄ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝက်စ်ဟမ်း ၃ – ၀ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(သရေ) |
| ဝက်စ်ဟမ်း | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

ဝုဗ်အသင်းဟာ နက်တိုနဲ့ ဟီချန်ဝမ်တို့ ဒဏ်ရာရရှိပြီးနောက် ကစားပုံကျဆင်းခဲ့သလို ခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိပြီး ရလဒ်ကျဆင်းနေပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ အဝေးကွင်းခံစစ်ပိုင်းကစားပုံစိတ်မချရပေမဲ့ တိုက်စစ်ပိုင်းထက်မြက်တာကြောင့် ဝုဗ်အသင်းကိုဖိအားပေးနိုင်မှာပါ။ ဒါကြောင့် ကစားပုံထက်မြက်မှုရှိတဲ့ ဝက်စ်ဟမ်းအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝုဗ် ၁ – ၂ ဝက်စ်ဟမ်း**

---

**ဘရိုက်တန် Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၆-၄-၂၀၂၄ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၂ – ၀ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(သရေ) |
| အာဆင်နယ် | – | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက်ကစားအားကျသွားတဲ့ ဘရိုက်တန်အသင်းအနေနဲ့ ရလဒ်ပိုင်းကျဆင်းနေသလို အဓိက ကစားသမားတွေ ဒဏ်ရာရရှိနေလို့ ဂိုးရဖို့ရှန်းကန်နေရပါတယ်။ အာဆင်နယ်အသင်းကတော့ အသင်းလိုက်ကစားပုံတည်ငြိမ်နေပြီး ပွဲစဉ်တိုင်းဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ပါတယ်။ ဒါကြောင့် ချန်ပီယံဆုအတွက် ရမှတ်ဆုံးရှုံးမခံနိုင်တော့တဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၀ – ၂ အာဆင်နယ်**

# အီတလီစီးရီးအေ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

ML

**အေစီမီလန် Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၆-၄-၂၀၂၄ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်ချီ ၂ – ၂ အေစီမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | – | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| လက်ချီ | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

အေစီမီလန်အသင်းဟာ အခုနှစ်အတွင်းကစားတဲ့ပွဲစဉ်တွေမှာတိုက်စစ်ပိုင်းက ထက်မြက်လာတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ၁၃ ဂိုးရရှိခဲ့ပြီး နိုင်ပွဲဆက်ခဲ့ပါတယ်။လက်ချီအသင်းကတော့ ကစားသမားစုဖွဲ့မှုအားနည်းချက်နဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတည်ငြိမ်ဖို့ကြိုးပမ်းနေရတာကြောင့် အေစီမီလန်အသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အဘက်ဘက်ကအသာစီးမှာရှိနေတဲ့ အေစီမီလန်အသင်းပဲနိုင်ပွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၃ – ၁ လက်ချီ**

## အားကစားသတင်းအတိုအထွာများ

- ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားနေသည့် နည်းပြ ဒီဇာဘီက လက်ရှိဘောလုံးရာသီကုန်ဆုံးသွားပါက ဘရိုက်တန်အသင်းတွင်သာ ဆက်လက်ကျန်ရှိနေမည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။
- ပြင်သစ်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်တွင် ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘက်ပီ၏ သွင်းဂိုးဖြင့် ရင်းနက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ ML

# ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် ဒူဆယ်ဒေါ့ကို ဂိုးပြတ်အနိုင်ယူပြီး လေဗာကူဆင်အသင်း ဗိုလ်လုပွဲတက်ရောက်



**ဘာလင် ဧပြီ ၄**

လေဗာကူဆင် အသင်းသည် ဂျာမန်ပိုကယ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဒူဆယ်ဒေါ့အသင်းနှင့် ကစားခဲ့ရာ လေးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ပွဲ ၄၀ ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကိုလည်း ရရှိခဲ့သည်။

လေဗာကူဆင် အသင်းသည် ဒူဆယ်ဒေါ့အသင်းကိုပွဲစကတည်းက အိမ်ကွင်းအားသာချက်ဖြင့် ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ခုနစ်မိနစ်တွင် ဖရင်ပေါင်၊ ပွဲချိန် မိနစ် ၂၀ တွင် အက်ဒ်လီ၊ ပွဲချိန် ၃၅ မိနစ်တွင် ဖလိုရီရန်ဗုစ်တို့က ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သော်လည်း ဒူဆယ်ဒေါ့အနေဖြင့် ချေပဂိုးရရှိရေးရှန်းကန်ခဲ့ရပြီး ဒုတိယပိုင်း ပွဲချိန် မိနစ် ၆၀ တွင် ဖလိုရီရန်ဗုစ်က ပင်နယ်တီမှတစ်ဆင့် ဂိုးထပ်မံသွင်းယူခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် ဆာဘတ်ကန်အသင်းကို အနိုင်ရခဲ့သည့် ကိုင်ဇာစလော့တန်အသင်းနှင့်ကစားရမည်ဖြစ်သည့်အတွက် လေဗာကူဆင်အသင်းအနေဖြင့် ဆုဖလားရရှိရန် သေချာနေပြီး နှစ်ပေါင်း ၃၀ နှစ်ကြာ ဖလားလက်မဲ့ဖြစ်နေသည့် အခြေအနေကို အဆုံးသတ်နိုင်ရန် နီးစပ်လျက်ရှိသည်။

နည်းပြအလွန်ဆိုက "ကျွန်တော်တို့အသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ်ဂူလိုင်မှာ ကစားသမားသစ်တွေနဲ့ရှည်လျားတဲ့ခရီးတစ်ခုကို စတင်ခဲ့ရတာပါ။ ဒါပေမဲ့ အသင်းရဲ့ ကစားသမားတွေက ကွင်းထဲမှာ အရာအားလုံးကိုလုပ်ပြနိုင်ခဲ့ပါတယ်။ဒါကြောင့်ကျွန်တော်တို့အသင်းဟာ လက်ရှိမှာ အထူးအခွင့်အရေးတစ်ခု ရရှိခဲ့တာပါ။ အခုလို ဗိုလ်လုပွဲတက်ရောက်ခဲ့လို့ ပျော်ရွှင်မိပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် လေဗာကူဆင်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ဆက်လက်ဦးဆောင်နေပြီး ပြိုင်ပွဲပြီးဆုံးရန်ခုနစ်ပွဲအလိုတွင် ဒုတိယနေရာမှ ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ် ၁၃ မှတ်ထိဖြတ်တောက်နိုင်ခဲ့သောကြောင့် ချန်ပီယံဆုဖလားရယူနိုင်မည့် အခွင့်အရေးများရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ချဲလ်ဆီးအသင်းက ကိုးလ်ပယ်မာကို လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးရန် ကြိုးပမ်း

**လန်ဒန် ဧပြီ ၄**

ချဲလ်ဆီး အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသလျက်ရှိသည့် ကိုးလ်ပယ်မာကို ဝုဏ်ပြုချီးမြှင့်လိုသည့်အတွက် လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ကိုးလ်ပယ်မာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ ချဲလ်ဆီးအသင်းသို့ရောက်ရှိခဲ့ပြီး တစ်ပတ်လုပ်ခ စတာလင်ပေါင် ၈၀၀၀၀ သာရရှိနေသော်လည်း အသင်းနှင့် ပြိုင်ပွဲစုံ ၃၅ ပွဲပါဝင်ကစားခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းတာဝန်ရှိသူများက ကစားသမားကို ချီးမြှောက်လိုသည့်အတွက် လုပ်ခလစာ တိုးမြှင့်၍ သက်တမ်းတိုးရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အသက် ၂၁ နှစ်ရှိ ကစားသမားနှင့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သက်တမ်းရှိနေသော်လည်း ကစားသမား၏ခြေစွမ်းပိုင်းကို နှစ်သက်သည့်အတွက် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှစတင်၍ မြင့်မားသည့်လုပ်ခလစာပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် အတိအကျ ထုတ်ပြန်ခြင်းမရှိသေးဘဲ ကစားသမားနှင့် ကနဦးဆွေးနွေးမှုများပြုလုပ်နေကာ မကြာမီထုတ်ပြန်ကြေညာမည်ဖြစ်သည်။

လက်ရှိတွင် နည်းပြပိုချက်တီနို၏ ချဲလ်ဆီးအသင်းသည် အမှတ်ပေးပွဲ ၂၈ ပွဲကစားခဲ့ရာ ၁၁ ပွဲသာအနိုင်ရခဲ့ပြီး ခုနစ်ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၄၀ ဖြင့်အဆင့်(၁၂) သို့ရောက်ရှိခဲ့ပြီး ဥရောပယှဉ်ပြိုင်ခွင့်ရရှိရန် ခက်ခဲနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Charleston Openတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အဇာရင်ခါနှင့် ကာလီနီနာတို့ နိုင်ပွဲကိုယ်စီရရှိ

**ချာလီစတန် ဧပြီ ၄**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင်ကျင်းပနေသည့် Charleston Openတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါ၊ယူကရိန်းတင်းနစ်မယ် ကာလီနီနာတို့ နိုင်ပွဲကိုယ်စီရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အဇာရင်ခါက အီတလီတင်းနစ်မယ် ကော့စီယာရက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၁၊၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အဇာရင်ခါနှင့် ကော့စီယာရက်တို့ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ် မိုးရွာသွန်းမှုရှိခဲ့သည့်အတွက် ပွဲကိုခေတ္တရပ်နားခဲ့ရသည်။

အဇာရင်ခါအနေဖြင့် ကော့စီယာရက်တိုကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သလို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် တောင်ဆန်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဇာရင်ခါက "ဒီနေ့ပွဲစဉ်က တော်တော်လေးကြာတယ်လို့ ခံစားခဲ့ရပါတယ်။မိုးရွာတဲ့အတွက် အချိန်ရနေတုန်းမှာ ပွဲကိုရပ်နားခဲ့ရတယ်။ မိုးတိတ်အောင် စောင့်နေတုန်းမှာ သွေးအေးသွားခဲ့ပြီးတော့ ပြန်ကစားတော့ သွေးလေးသွားတယ်။ ရလဒ်ကောင်းတွေနဲ့ အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ပရိသတ်တွေရဲ့ အားပေးမှုကြောင့်လဲ ကျွန်မအနေနဲ့ ရလဒ်ကောင်းရခဲ့တာပါ။တတိယအဆင့်အတွက် အကောင်းဆုံးပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့သည်။



အခြားပွဲစဉ်တစ်ပွဲ၌ ယူကရိန်းတင်းနစ်မယ် ကာလီနီနာနှင့်ဒိန်းမတ်တင်းနစ်မယ် ဝက်ဇ်နီယာကီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာလီနီနာက (၆-၂၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဝက်ဇ်နီယာကီသည် ပထမအဆင့်တွင် အကောင်းဆုံးပုံစံဖြင့် ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဒုတိယအဆင့်တွင် ကာလီနီနာ၏လက်စွမ်းကောင်းမှုကြောင့် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရပြီး ကာလီနီနာသည် တတိယအဆင့်၌ ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ မတ်လအတွက် အကောင်းဆုံးကစားသမားဆုနှင့် နည်းပြဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်




**လန်ဒန် မေ ၄**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် ဆုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ မတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုနှင့် နည်းပြဆုတို့အတွက် ဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ မတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းတွင် နယူးကာဆယ်အသင်းမှ အစ်ဆက်ခ်၊ချဲလ်ဆီးအသင်းမှ ပယ်လ်မာ၊လီဗာပူးအသင်းမှ မက်အယ်လက်စတာ၊ ဖူလ်ဟမ်အသင်းမှ မူနစ်၊ဘုန်းမောက်အသင်းမှဆီမီယို၊စပါးအသင်းမှ ဆွန်ဟောင်မင်နှင့်အာဆင်နယ်အသင်းမှဘန်ဝှိုက်တို့ပါဝင်လာခဲ့ပြီး ဆန်ခါတင်ကစားသမား စာရင်းတွင်ပါဝင်လာခဲ့သည့် ကစားသမားများမှ မတ်လအတွင်း နယူးကာဆယ်အသင်းနှင့် အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့် အစ်ဆက်ခ်က ထိပ်ဆုံးမှရေပန်းစားလျက်ရှိနေသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ မတ်လအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်နည်းပြစာရင်းတွင် အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ ဘုန်းမောက်အသင်းနည်းပြ အီရာအိုလာ၊ လီဗာပူးအသင်းနည်းပြ ကလော့ပ်နှင့် စပါးအသင်းနည်းပြ ပိုစတီကိုဂလူတို့ပါဝင်ခဲ့ပြီး မတ်လအတွင်း ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် အာဆင်နယ်အသင်းနည်းပြ အာတီတာနှင့် လီဗာပူးအသင်းနည်းပြ ကလော့ပ်တို့က ပူးတွဲရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

Ref : Xinhua

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို အသင်း ခုနစ်သင်းဖြင့် မေ ၇ ရက်မှစတင်၍ ကျင်းပသွားမည်

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းခုနစ်သင်းဖြင့် မေ ၇ ရက်မှစတင်ပြီး ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အမျိုးသမီးကလပ်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် အတည်ပြုခြင်း၊ ပြိုင်ပွဲကျင်းပမည့်ရက်နှင့် ကွင်းတို့ကို လျာထားသတ်မှတ်ခြင်း၊ ကစားသမားအပြောင်းအရွှေ့ကာလ၊ ကစားသမားမှတ်ပုံတင်ခြင်းနှင့် ခေါ်ယူစာချုပ်ချုပ်ဆိုခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းအသစ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ရှောဝတီအသင်းတို့က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် လက်ရှိချန်ပီယံမြဝတီအသင်း၊ ISPEအသင်း၊ သစ္စာအားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊Young Lionesses အသင်း၊ရှောဝတီအသင်း၊ရှမ်းယူနိုက်တက်အသင်းတို့ပါဝင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မေ ၇ ရက်မှစတင်ပြီး နိုဝင်ဘာလကုန်ထိ ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်းနှင့် စလင်းအားကစားကွင်းတို့တွင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို သုံးကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စီရော်နယ်ဒို၊ လမ်းပတ်နှင့် ဒရော့ပ်ဘာတို့၏ ပရီးမီးယားလိဂ်ဟက်ထရစ်စံချိန်ကို ဖိုဒန်လိုက်မီ



**မန်ချက်စတာ မေ ၄**

မန်စီးတီးအသင်း တောင်ပံကစားသမား ဖိုဒန်သည် မန်စီးတီးအသင်းနှင့် အေဗီလာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စီရော်နယ်ဒို၊ လမ်းပတ်နှင့် ဒရော့ပ်ဘာတို့၏ ဟက်ထရစ်အကြိမ်အရေအတွက်ကိုလိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းက အေဗီလာအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဖိုဒန်သည် ပွဲချိန် ၄၅ မိနစ်၊ ၆၂ မိနစ်နှင့် ၆၉ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်အကြိမ်ရေသုံးကြိမ်ထိရှိလာခဲ့ပြီးနောက် စီရော်နယ်ဒို၊လမ်းပတ်နှင့်ဒရော့ပ်ဘာတို့၏ ဟက်ထရစ်အကြိမ်အရေအတွက်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ဖိုဒန်သည် အေဗီလာအသင်းနှင့် ပွဲစဉ်မတိုင်မီ ဖေဖော်ဝါရီ ၆ ရက်က ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃)အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့် ပွဲစဉ်နှင့် ယခုပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်နှစ်ကြိမ်ရယူနိုင်ခဲ့သည့် တစ်ဦးတည်းသော ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဖိုဒန်သည် ယခုနှစ် ဘောလုံးရာသီတွင် သွင်းဂိုးပါဝင်ပတ်သက်မှု ၃၁ ကြိမ်ထိရှိလာခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်ကို တစ်ကြိမ်အသာဖြင့်ကျော်ဖြတ်ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုးပါဝင်ပတ်သက်မှုဒုတိယအများဆုံး အင်္ဂလန်ကစားသမားအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

Ref : RT

Trs : STA

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

**S T A**

**ယူနီယံဘာလင် Vs လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၆-၄-၂၀၂၄ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၄ - ၀ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ယူနီယံဘာလင်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဧည့်(သရေ)** |
| **လေဗာကူဆင်** | – | **ဧည့်(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

ယူနီယံဘာလင်အသင်းဟာ အိမ်ကွင်းနှစ်ပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ လေဗာကူဆင်အသင်းကိုတော့ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လေဗာကူဆင်အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လေဗာကူဆင်အသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ယူနီယံဘာလင် ၁ - ၂ လေဗာကူဆင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

**S T A**

**လန်း Vs လီဟာဗေး**

**ကစားမည့်ရက်/အချိန် ၆-၄-၂၀၂၄ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဟာဗေး ၀ - ၀ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လန်း** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဧည့်(ရှုံး)** |
| **လီဟာဗေး** | – | **အိမ်(နိုင်)** | **ဧည့်(ရှုံး)** | **အိမ်(ရှုံး)** |

လန်းအသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက်မျှော်လင့်ချက်ရှိနေလို့ အိမ်ကွင်းမှာအမှားခံမှာမဟုတ်ပါဘူး။ လီဟာဗေးအသင်းကလဲ နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ဒါကြောင့် ဥရောပဝင်ခွင့်တစ်နေရာအတွက် အိမ်ကွင်းမှာရမှတ်ပြည့်ရယူမဲ့ လန်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လန်း ၁ - ၀ လီဟာဗေး**

# ကက်ဒီဖြစ်သူ ဂျင်မ်မက်ကေးနှင့် လမ်းခွဲလိုက်ပြီဟု ဂျက်စတင်သောမတ်စ် ထုတ်ပြန်ကြေညာ

**ဝါရှင်တန် မေ ၄**

အမေရိကန် နာမည်ကြီး ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်သည် အောင်မြင်မှုများနှင့် ကာလရှည်ဝေးကွာနေရသည့်အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ကက်ဒီဖြစ်သူဂျင်မ်မက်ကေးနှင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျက်စတင်သောမတ်စ်သည် ကက်ဒီဖြစ်သူ ဂျင်မ်မက်ကေးနှင့် လက်တွဲအလုပ်လုပ်ခဲ့စဉ် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် အဓိကဆုဖလားနှစ်လုံး ဆွတ်ခူးနိုင်ခဲ့ပြီး ရလဒ်ကောင်းတချို့ ရရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်မှစတင်၍ လက်ရှိကာလထိပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး အောင်မြင်မှုရရှိခဲ့ခြင်းမရှိခဲ့သည့်အတွက် ကက်ဒီအပြောင်းအလဲပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အပြောင်းအလဲတစ်ခုပြုလုပ်လို၍ ဂျင်မ်မက်ကေးနှင့်စိတ်မကောင်းစွာလမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း အတူလက်တွဲအလုပ်လုပ်ခဲ့စဉ် ကူညီပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ဂျက်စတင်သောမတ်စ်က ပြောကြားခဲ့သည်။

အသက် ၅၈ နှစ်ရှိ ဂျင်မ်မက်ကေးသည် ကက်ဒီလောကတွင် အအောင်မြင်ဆုံးသော ကက်ဒီတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ပြီး အမေရိကန်နိုင်ငံ၏ အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမားစာရင်းတွင် ပါဝင်နေသည့် မစ်ကီဆန်နှင့် ၂၅ နှစ်ကြာလက်တွဲခဲ့ပြီး မစ်ကီဆန်ကို အဓိကဆုဖလား ငါးလုံးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဂျင်မ်မက်ကေးသည် မစ်ကီဆန်နှင့်လက်တွဲအလုပ်လုပ်ပြီး ၂၀၁၇ ခုနှစ်တွင် မစ်ကီဆန်နှင့်လမ်းခွဲကာ ဂျက်စတင်သောမတ်စ်နှင့်လက်တွဲအလုပ်လုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ၂၀၁၅ ခုနှစ်နောက်ပိုင်း ရာသီတိုင်း ဆုဖလား ဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ဆုဖလားတစ်လုံးမှ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိဘဲ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဆုဖလားမရခဲ့သည့် ပထမဆုံးသော ရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ကမ္ဘာလုံးဆိုင်ရာစိုးရိမ်ပူပန်မှုကိုဖြစ်စေသည့် နေတိုး၏စစ်အသုံးစရိတ်စံချိန်တင်မြင့်မားမှု




မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ခေါ် နေတိုးစစ်မဟာမိတ်အဖွဲ့သည် ကမ္ဘာ့အင်အားအကြီးမားဆုံးစစ်အုပ်စုအဖြစ် ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ၎င်းကာလအတွင်း အီရတ်စစ်ပွဲ၊ ယူဂိုဆလားဗီးယား(ကိုဆိုဗို)စစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲနှင့် လစ်ဗျားစစ်ပွဲတို့ကိုဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်တွင်လည်း ပင်လယ်နီဒေသ၌ ရေကြောင်းလုံခြုံရေးအဖွဲ့အဖြစ် ဦးဆောင်လုပ်ရှားလျက်ရှိသည်။ ယခုအခါ မျက်မှောက်ကာလထိ အဖွဲ့ဝင်နိုင်ငံများကို တိုးချဲ့ရေးလုပ်ဆောင်လျက်ရှိသည့် နေတိုးအဖွဲ့၏ကာကွယ်ရေးအသုံးစရိတ်တိုးမြင့်လာမှုသည် ကမ္ဘာ့နိုင်ငံများအတွက် စိုးရိမ်မကင်းဖြစ်မှုများ ပေါ်ပေါက်စေသည်။

ယခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်သော နေတိုး၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၂၃ခုနှစ်၌ ၎င်း၏စုစုပေါင်းစစ်အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံထိ စံချိန်တင်မြင့်တက်ခဲ့သည်ကိုပြသခဲ့သည်။ အမေရိကန်၏တွန်းအားပေးမှုကြောင့် နေတိုးနိုင်ငံများ၏ စစ်ရေးအသုံးစရိတ်များသည် မကြာသေးမီနှစ်များအတွင်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ နေတိုး၏ သတ်မှတ်ထားသော စစ်ဘက်အသုံးစရိတ်သည် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး (GDP) ၏ ၂ ရာခိုင်နှုန်းထက်မနည်းစေရန်ဖြစ်ပြီး ထိုသတ်မှတ်မှုက မဟာမိတ်ပြင်ပနိုင်ငံများစွာတွင် ဒိုမီနိုအကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေပြီး ကမ္ဘာတစ်ဝန်းလုံခြုံရေးစိုးရိမ်မှုတိုးမြင့်လာစေခဲ့သည်။

**စံချိန်တင်မြင့်မားခဲ့သည့်နေတိုးစစ်အသုံးစရိတ်**

၂၀၂၃ ခုနှစ်တွင် နေတိုး၏စစ်အသုံးစရိတ်စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံရှိပြီး ၎င်း၏ဥရောပအဖွဲ့ဝင်နိုင်ငံများနှင့် ကနေဒါနိုင်ငံတို့၏ ကာကွယ်ရေးအသုံးစရိတ်သည် မကြုံစဖူး ၁၁ ရာခိုင်နှုန်းခန့်တိုးလာခဲ့သည်။ နေတိုးသည် ၂၀၁၄ ခုနှစ်တွင် စစ်အသုံးစရိတ်သတ်မှတ်ချက်ကို GDP ၏အနည်းဆုံး ၂ ရာခိုင်နှုန်းမိတ်ဆက်ခဲ့ချိန်မှစ၍ ၎င်း၏ဥရောပအဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းစစ်ရေးအသုံးစရိတ်သည် ၂၀၂၃ ခုနှစ်ထိ ၃၂ ရာခိုင်နှုန်းခန့်တိုးလာခဲ့သည်။ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန(SIPRI)၏ အချက်အလက်များနှင့်နှိုင်းယှဉ်ပါက ကမ္ဘာလုံးဆိုင်ရာစစ်ရေးအသုံးစရိတ်သည် ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ၁၉ ရာခိုင်နှုန်းခန့်မြင့်တက်လာသည်ကိုဖော်ပြထားကြောင်း တွေ့ရှိရသည်။

နေတိုး၏ခေါင်းဆောင်အဖြစ် အမေရိကန်သည် စစ်အသုံးစရိတ်အရှိန်အဟုန်နှင့် တိုးမြင့်မှုဖြင့် ဆက်လက်ရပ်တည်နေပြီး ၎င်း၏ပမာဏသည် GDP ၏ ၃ ရာခိုင်နှုန်းအထက်တွင် ပုံမှန်ထိန်းသိမ်းထားသည်။ အဆိုပါကိန်းဂဏန်းသည် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့စုစုပေါင်းစစ်အသုံးစရိတ်၏ ၄၀ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ်အတွက် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၈၈၆ ဘီလီယံထိမြင့်မားကာ ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံခန့်တိုးမြင့်လာခဲ့သည်။ အမေရိကန်ထံမှ ရေရှည်တည်တံ့သောအကာအကွယ်များရရှိရန်နှင့် မြှင့်တင်ရန်၊ ဥရောပလုံခြုံရေးတင်ပြချက်ကိုပုံဖော်ရာတွင် အရှေ့ဘက်မျက်နှာစာရှိ ဥရောပနေတိုးအဖွဲ့ဝင်နိုင်ငံများသည် မဟာမိတ်၏ ရှေ့ပြေးတပ်များအဖြစ် စစ်ရေးအသုံးစရိတ်တွင် ပိုမိုများပြားစွာတိုးချဲ့လာသည်ကို မြင်တွေ့ခဲ့ရသည်။ ပိုလန်၏ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ထက် GDP ၏အချိုးအစားပိုမိုမြင့်မားပြီး ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၄ ရာခိုင်နှုန်းမှ ၂၀၂၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးလာခဲ့သည်။

နေတိုးတွင် မဟာဗျူဟာမြောက်ကိုယ်ပိုင်လုပ်ဆောင်ခွင့်ကို ထိန်းသိမ်းလိုသော်လည်း ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် စပိန်တို့ကဲ့သို့သော မဟာမိတ်ဥရောပအဖွဲ့ဝင်နိုင်ငံများသည်လည်း ၎င်းတို့၏ စစ်ရေးအသုံးစရိတ်များကိုတိုးမြှင့်ရန် တွန်းအားပေးခဲ့သည်။ အထူးစိုးရိမ်စရာမှာဥရောပသမဂ္ဂ၏ အဓိကစီးပွားရေးအင်အားကြီးဂျာမနီတွင် ဖြစ်ပေါ်လျက်ရှိသည့်သိသာထင်ရှားသော အပြောင်းအလဲဖြစ်သည်။ ယခုနှစ်ဖေဖော်ဝါရီလတွင် ဂျာမနီအစိုးရသည် ၂၀၂၄ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၄၁ ဘီလီယံထိ စံချိန်တင်မြင့်မားကြောင်းကြေညာခဲ့ရာ ၎င်းသည် နေတိုး၏သတ်မှတ်ချက်ဖြစ်သည့် GDP ၏ ၂ ရာခိုင်နှုန်းပမာဏကို ပထမဆုံးအကြိမ် ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

**အာရှ-ပစိဖိတ်မဟာမိတ်များက GDP ၏၂ရာခိုင်နှုန်းသုံးစွဲလာမှု**

မကြာသေးမီနှစ်များအတွင်း အမေရိကန်၏ကြိုးပမ်းမှုများကြောင့် နေတိုး၏ အာရှ-ပစိဖိတ်ဒေသဖွံ့ဖြိုးတိုးတက်မှုဆီသို့ သိသိသာသာဦးတည်လာကာ မဟာမိတ်နှင့် ၎င်း၏အာရှ-ပစိဖိတ်ဒေသတို့ကြားစစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ ဂျပန်၊ကိုရီးယား၊ဩစတြေးလျနှင့်နယူးဇီလန်အပါအဝင် အဆိုပါမိတ်ဖက်နိုင်ငံများသည် စစ်အသုံးစရိတ်များမြင့်တက်လာသည်ကိုတွေ့မြင်ရပြီး GDP ၏ ၂ရာခိုင်နှုန်းထက်မနည်းသော စစ်အသုံးစရိတ်၏စံသတ်မှတ်ချက်ကို သုံးစွဲလာသည်။

၂၀၂၄ ခုနှစ်အတွက် ဂျပန်နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်သည် ယန်း ၇ ဒသမ ၉၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံ)ရှိပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း တိုးမြင့်လာသည်။ ဂျပန်အစိုးရက ၂၀၂၂ ခုနှစ်တွင် ရေးဆွဲခဲ့သော ကာလလယ်ကာကွယ်ရေးအစီအစဉ်(MTDP)က နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၇ ခုနှစ်တွင် ယန်း ၈ ဒသမ ၉ ထရီလီယံထိ ရောက်ရှိစေမည်ဖြစ်ပြီး ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုကို နှစ်ဆတိုးကာ GDP ၏ ၂ ရာခိုင်နှုန်းအချိုးအစားသို့ ရောက်ရှိစေမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော ကိုရီးယားနိုင်ငံ၏ ၂၀၂၄-၂၀၂၈ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်စီမံကိန်းအရ နိုင်ငံ၏စုစုပေါင်းစစ်အသုံးစရိတ်သည် လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၀ ဘီလီယံခန့်ရှိမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၆ ဘီလီယံခန့်တိုးမြင့်လာမည်ဖြစ်သည်။ ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။ ဩစတြေးလျသည် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၆ ခုနှစ်တွင် GDP ၏ ၂ ရာခိုင်နှုန်းအထက်သို့တိုးမြှင့်ရန် စီစဉ်ထားသည်။ ပထဝီဝင်အနေအထားအရ ပဋိပက္ခဖြစ်လွယ်သည့်ဒေသများနှင့်ဝေးကွာသော နယူးဇီလန်အတွက်ပင်လျှင် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်သည်၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံထိ ရှစ်ရာခိုင်နှုန်းကျော် သိသိသာသာတိုးလာခဲ့သည်။

**တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့လျက်ရှိသော လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ**

အမေရိကန်၏ကြီးမားသော ပြိုင်ဆိုင်မှုမဟာဗျူဟာ၏လွှမ်းမိုးမှုအောက်တွင် ကမ္ဘာကြီးသည် ပထဝီဝင်နိုင်ငံရေးမတည်ငြိမ်မှုများနှင့် မကြာခဏပဋိပက္ခများအသွင်ကူးပြောင်းမှုအသစ်ကို မြင်တွေ့နေရသည်။ မဟာဗျူဟာလေ့လာရေးဆိုင်ရာ နိုင်ငံတကာအင်စတီကျု(IISS)၏အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ဒေသတွင်းနှင့်ဒေသဆိုင်ရာပဋိပက္ခပေါင်း ၁၈၃ ခုပေါ်ပေါက်ခဲ့ပြီး အနှစ် ၃၀ ခန့်အတွင်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ကာလရှည်လျားလာသော ဒေသတွင်းနှင့် ဒေသဆိုင်ရာပဋိပက္ခများနှင့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ လုံခြုံရေးအလားအလာများ မှုန်ဝါးလာနေချိန်တွင် နိုင်ငံများသည် လုံခြုံရေးကို ရှားပါးသောအရင်းအမြစ်အဖြစ် မှတ်ယူကြပြီး စစ်ရေးစွမ်းအားကို တိုးမြှင့်ခြင်းဖြင့် လုံခြုံရေးကို သေချာစေရန် ကြိုးပမ်းကြသည်။

ပြင်းထန်သောအကျပ်အတည်း၏အာရုံခံစားမှုက နိုင်ငံအများအပြားကို ၎င်းတို့၏လုံခြုံရေးမဟာဗျူဟာများကို ပြုပြင်ပြောင်းလဲရန် လှုံ့ဆော်ပေးခဲ့ပြီး စစ်အင်အား၏ထင်ရှားသောအရေးပါမှုကိုသရုပ်ဖော်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာဗိုလ်ကျစိုးမိုးမှုကိုအတည်ပြုရန်ကြိုးစားနေသည့် အမေရိကန်သည် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှု၏ အရင်းအမြစ်ဖြစ်သည်။ ရုရှား-ယူကရိန်းပဋိပက္ခကို အမေရိကန်၏တစ်သမတ်တည်းလှုံ့ဆော်မှုသည် ဒုတိယကမ္ဘာစစ်အပြီး ဥရောပတွင်ပေါ်ပေါက်လာသော ငြိမ်းချမ်းရေးမဟာဗျူဟာယဉ်ကျေးမှုကိုအနှောင့်အယှက်ဖြစ်စေပြီး သက်ဆိုင်ရာနိုင်ငံများကို အင်အားအမာခံ နယ်မြေအဖြစ်ရယူရန် တွန်းအားပေးမှုဖြစ်စေခဲ့သည်။ ဥရောပနိုင်ငံများသည် စစ်ဘက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်နှင့် လက်နက်များ၊ စက်ကိရိယာများနှင့် ခဲယမ်းမီးကျောက်များ ထုတ်လုပ်မှုစွမ်းရည်ကိုချဲ့ထွင်ရန်အတွက် အမေရိကန်၏နောက်ကို လိုက်ပါနေကြသည်။

ဂျပန်နိုင်ငံ၏ စစ်အသုံးစရိတ်တိုးမြှင့်ခြင်းသည် အမေရိကန်၏ လုံခြုံရေးဖိအားကိုပိုမိုတက်ကြွစွာတုံ့ပြန်ခြင်းဖြစ်သည်။ ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးကတည်းက ဂျပန်နိုင်ငံသည် ၎င်း၏ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ထိုးစစ်စွမ်းရည်ကိုမြှင့်တင်ရေးနှင့်အဆုံးစွန်သောရည်မှန်းချက်ဖြင့် လက်နက်ထုတ်လုပ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဆက်တိုက်လုပ်ဆောင်ခဲ့ပြီး နိုင်ငံကို ပုံမှန်အခြေအနေဖြစ်စေရေးရည်မှန်းချက်ကို အောင်မြင်ရန် လုပ်ဆောင်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် မဝေးတော့သောအနာဂတ်တွင် နိုင်ငံအများအပြားသည် နေတိုး၏လွှမ်းမိုးမှုအောက်တွင် ၎င်းတို့၏စစ်ရေးအသုံးစရိတ်ကိုတိုးမြှင့်ရန်လုပ်ဆောင်လာနိုင်ပြီး ၎င်းအခြေအနေက လုံခြုံရေးဆိုင်ရာ ကြိုတင်ခန့်မှန်းထားသည့်အခက်အခဲများအားလုံးကို ပြေလည်စေနိုင်မည်မဟုတ်ပေ။ ၎င်းအစား လက်နက်ပြိုင်ဆိုင်မှုကိုဖြစ်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဖူလုံရေးနှင့် ပြည်သူများ၏သုခချမ်းသာကို ထိခိုက်စေမည်ဖြစ်သည်။ ဆင်းရဲမှုလျှော့ချရေးနှင့်ရာသီဥတုပြောင်းလဲမှုလျှော့ချရေးကဲ့သို့သော ကမ္ဘာ့အများပြည်သူဆိုင်ရာကိစ္စရပ်များအတွက် အသုံးစရိတ်ခွဲဝေချထားမှုများကိုလည်း လျှော့ပါးစေကာ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

❖ နေတိုး၏ခေါင်းဆောင်အဖြစ် အမေရိကန်သည် စစ်အသုံးစရိတ်အရှိန်အဟုန်နှင့်တိုးမြှင့်မှုဖြင့် ဆက်လက်ရပ်တည်နေပြီး ၎င်း၏ပမာဏသည် GDP ၏ ၃ ရာခိုင်နှုန်းအထက်တွင် ပုံမှန်ထိန်းသိမ်းထားသည်။ အဆိုပါကိန်းဂဏန်းသည် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့စုစုပေါင်းစစ်အသုံးစရိတ်၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ်အတွက် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၈၈၆ ဘီလီယံထိမြင့်မားကာ ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံခန့်တိုးမြင့်လာခဲ့သည်။ ❖

**ကိုးကား**

-NATO military expense surge sparks global anxiety, China Military Online, March 2024

**မောင်ဝေလွှမ်း(သုတေသီ)**

# အဖြူရောင်သက္ကရာဇ်ရဲ့ အတာသင်္ကြန်နေ့ရက်များ ဇာတ်လမ်းတွဲကို MRTV-4 မှထုတ်လွှင့်မည်




**ရန်ကုန် ဧပြီ ၄**

အဖြူရောင်သက္ကရာဇ်ရဲ့ အတာသင်္ကြန်နေ့ရက်များ ဇာတ်လမ်းတွဲသစ်ကို ဧပြီ ၁၂ ရက်မှ ၁၇ ရက်ထိ MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဘုန်းရှိန်ခန့်က ပြောပြ၍ သိရသည်။

အဖြူရောင်သက္ကရာဇ်ရဲ့ အတာသင်္ကြန်နေ့ရက်များ ဇာတ်လမ်းတွဲသည် MRTV-4 ရုပ်သံလိုင်းကထုတ်လွှင့်ပြီးဖြစ်သည့် အဖြူရောင်သက္ကရာဇ် ဇာတ်လမ်းတွဲ၏ ဒုတိယတွဲမဟုတ်ဘဲ အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သူများအားလုံးနီးပါး ပါဝင်ထားသည့် သီးခြားဇာတ်လမ်းတွဲတစ်ခုဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အဖြူရောင်သက္ကရာဇ်ရဲ့ ဒုတိယပိုင်းမဟုတ်ပါဘူး။ သီးခြားဇာတ်လမ်းတွဲတစ်ခုပါ။ အခုရင် အဖြူရောင်သက္ကရာဇ်ဇာတ်လမ်းတွဲမှာ ပါဝင်တဲ့သရုပ်ဆောင်တွေ အားလုံးနီးပါး ပါဝင်တဲ့ သင်္ကြန်ဇာတ်မြူးလေးဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲလေးက မီနီစီးရီးလို့ပြောရမဲ့ အပိုင်းနည်းနည်းပဲပါတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ဘုန်းရှိန်ခန့်က ပြောပြသည်။

အဖြူရောင်သက္ကရာဇ်ရဲ့ အတာသင်္ကြန်နေ့ရက်များ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ပြူးမောင်နှင့်အဖွဲ့က ရေးသားထားပြီး ဇာတ်ညွှန်းပိုင်းကို ဆုဆုစံပယ်ဖူး၊ ခင်စံပယ်လှိုင်နှင့် စန်းယုမောင်တို့က ရေးသားထားကာ ဒါရိုက်တာ ဟိန်းကိုကိုက ရိုက်ကူးထားကြောင်း၊ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဘုန်းရှိန်ခန့်၊ ဖြိုးသံသာချို၊ ဝါဝါအောင်၊ အောင်ခိုင်၊ ခင်မို့မို့အေး၊ ကံပွင့်၊ ဒေါင်းဝေ၊ ထူးသာ၊ ဟိန်းမင်း၊ မချစ်စု၊ သာသာ၊ အေးအေးအောင်၊ မျိုးမျိုးခိုင်၊ ရှင်ပြုးခင်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်းသိရသည်။ ASH

# A Simple Favor-2 ၌ မင်းသမီး အယ်လီဆင်ဂျန်နီ ပါဝင်မည်

**နယူးယောက် ဧပြီ ၄**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ A Simple Favor-2 ဇာတ်ကားသစ်တွင် မင်းသမီး အယ်လီဆင်ဂျန်နီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၃ ရက် သတင်းများအရ သိရသည်။

A Simple Favor-2 ဇာတ်ကားတွင် မင်းသမီး အယ်လီဆင်ဂျန်နီသည် မင်းသမီး ဘလိတ်လစ်ဗလီ၊ အန်နာကင်းဒရစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး ဘလိတ်လစ်ဗလီနှင့် အန်နာကင်းဒရစ်တို့သည် မူလ A Simple Favor(2013) ဇာတ်ကားတွင်လည်း အဓိကဇာတ်ကောင်များအဖြစ် ပါဝင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

A Simple Favor-2 ဇာတ်ကားကို မူလ A Simple Favor ဒါရိုက်တာ ပေါလ်ဖိတ်ကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသမီး အယ်လီဆင်ဂျန်နီသည် I, Tonya နှင့် Juno ကဲ့သို့ ကမ္ဘာကျော်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Lionsgate ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# နွေလယ်ဦးရဲ့တန်ခူးညှော်သည် ဇာတ်လမ်းတွဲကို ဧပြီ ၈ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဧပြီ ၄**

နွေလယ်ဦးရဲ့ တန်ခူးညှော်သည် ဇာတ်လမ်းတွဲကို ဧပြီ ၈ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် လင်းအောင်ခေတ်က ပြောပြ၍ သိရသည်။

နွေလယ်ဦးရဲ့ တန်ခူးညှော်သည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Skyword Art အဖွဲ့က ရေးသားထားပြီး ဒါရိုက်တာ ဝေကြီးနှင့် တွဲဖက်ဒါရိုက်တာ နိုင်ကြီးတို့က မီးမီးမွှေးရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူကာ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်သင်္ကြန်ကဲဖို့ တက်ကြွနေကြတဲ့ မိုးသောက်တို့သူငယ်ချင်းသုံးယောက် လမ်းခုလတ်မှာ ကားပျက်လို့ အခက်တွေ့ကြတဲ့အခါ၊ လမ်းကြုံလိုက်ဖို့ ကားမရတဲ့အဆုံး ကျုံပျော်ရွာလေးမှာပဲ သင်္ကြန်တွင်း တည်းဖို့ဖြစ်လာတဲ့အခါ ရွာသင်္ကြန် မဆင်နွဲဖူးတဲ့ မိုးသောက်တို့သူငယ်ချင်းအုပ်စု ကျုံပျော်ရွာသူ၊ ရွာသားတွေနဲ့အတူ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ကို ဘယ်လိုဆင်နွဲကြမလဲ။ မြန်မာရိုးရာသင်္ကြန်ရဲ့အနှစ်သာရဖြစ်တဲ့ ကျေးလက်သင်္ကြန်ကို အပြည့်အဝခံစားနိုင်ဖို့ နွေလယ်ဦးရဲ့ တန်ခူးညှော်သည်ဇာတ်လမ်းတွဲလေးမှာ ကြည့်ရှုခံစားကြပါအုံး"ဟု သရုပ်ဆောင် လင်းအောင်ခေတ်က ပြောပြသည်။




နွေလယ်ဦးရဲ့ တန်ခူးညှော်သည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် လင်းအောင်ခေတ်၊ ကေညီ၊ ထက်ဦးယံ၊ မင်းစွမ်းပြည့်၊ မြတ်ကေသီအောင်၊ မှုုထိပ်ထား၊ မြင့်မိုရ်မေ၊ ယဉ်မေနှင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဧပြီ ၈ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၇ နာရီတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Heist Or How to Steal a Planet ကို ဒါရိုက်တာ ဂျပ်စတင်ဆာမီအန် ရိုက်ကူးမည်

**နယူးယောက် ဧပြီ ၄**

Heist Or How to Steal a Planet အမည်ရှိ သိပ္ပံဟာသဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျပ်စတင်ဆာမီအန်က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း ဧပြီ ၃ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဂျပ်စတင်ဆာမီအန်သည် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီအတွက် Haunted Mansion ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

အဆိုပါဇာတ်ကားသည် Heist Or How to Steal a Planet အမည်ရှိ ရုပ်ပြကာတွန်းများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Heist Or How To Steal a Planet ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတိုဖာယော့က ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အဆိုးရွားဆုံး ရာဇဝတ်သားများနေထိုင်ရာ Heist အမည်ရှိ ဂြိုဟ်တစ်စင်းလုံးကို လူတစ်စုကပြန်ပေးဆွဲရန် ကြိုးပမ်းပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Heist Or How to Steal a Planet ဇာတ်ကား ရုံတင်မည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# မာလာမြိုင်သဘင်ပွဲတော်တွင် ရွှေရင်အေးစေမယ့် မာလာမြိုင်သဘင်ပွဲတော်လေးကို M Entertainment Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဧပြီ ၄**

မာလာမြိုင်သဘင်ပွဲတော်တွင် ထင်ရှားအောင်မြင်နှစ်ပါးခွင် အစီအစဉ်အဖြစ် ရွှေရင်အေးစေမယ့် မာလာမြိုင်သဘင်ပွဲတော်လေး အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်ပြသနေသည့် မာလာမြိုင်သဘင်ပွဲတော် အစီအစဉ်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ ဧပြီ ၆ ရက်နှင့် ဧပြီ ၇ ရက်တို့တွင် ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်အစီအစဉ်တွင် ရွှေရင်အေးစေမယ့် မာလာမြိုင်သဘင်ပွဲတော်လေးကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုတစ်ပတ် ထူးထူးခြားခြား ရှုမြင်ကြရမဲ့ မာလာမြိုင်သဘင်ပွဲတော် အစီအစဉ်မှာတော့ ရွှေရင်အေးစေမယ့် မာလာမြိုင်သဘင်ပွဲတော်လေး အစီအစဉ်လာပါပြီ။ ဒီအစီအစဉ်လေးမှာ မင်းသားချောတင်မောင်ဆန်းမင်းဝင်းနဲ့ ပရိသတ်အချစ်တော်လေး မေလသံစဉ်တို့လဲ ပါဝင်မှာဖြစ်ပါတယ်။ မာလာမြိုင်သဘင်မင်းသားလေးတွေဖြစ်တဲ့ ဘွန်း၊ ဆန်းနေအောင်တို့နဲ့အတူ မာလာမြိုင်အဖွဲ့သားတွေလဲ စုံစုံညီညီ အားဖြည့်ထားကြမှာမို့ စိတ်ဘဝင်နှလုံး တစ်ညတာရွှင်ပြုံးရအောင်ရှုစားလို့ အားပေးကြပါအုံး"ဟု သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပြောပြသည်။

ASH

# Wheat from Shan State in high trading in Mandalay market


Workers harvesting wheat.

**Mandalay April 4**

U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Depot), said that wheat produced from Shan State are active in trading of Mandalay market.

Newly-harvested wheat from Shan State flows into Mandalay market. Such kind of wheat will be booming in Mandalay market.

"Demands are rising to purchase newly-harvested wheat in Mandalay market. Hence, merchants from Taunggyi and Mandalay as well as other cities demand wheat in the domestic market," he continued.

On 28 March, new wheat from Shan state fetched K152,000 per 60-viss bag in the Mandalay market.

Merchants from all parts of the nation demand wheat from Shan State. As such, wheat trading is booming in Mandalay market. 184

# Laos, Thailand launch cross-border QR payment linkage

**Vientiane April 4**

Laos and Thailand launched a cross-border QR payment linkage to facilitate economic activities between the two countries and bolster trade, investment, and tourism.

The launching ceremony was held in northern Laos' Luang Prabang province on Wednesday, according to a Thursday report by Laos' central bank, the Bank of the Lao PDR (BOL).

Speaking at the launching ceremony, Governor of BOL Bounleua Sinxayvoravong said the collaboration between Laos and Thailand in the realm of financial services is a reflection of the shared vision for regional integration, economic development, and prosperity.

"We reaffirm our commitment to strengthening ties and fostering mutual growth as well as regional growth," said Bounleua.

The introduction of cross-border QR payment represents a leap forward in the realm of financial technology, promising greater convenience, efficiency, and security in cross-border transactions.

Xinhua

# More than 7,000 acres of summer paddy cultivated in Mawlaik District this summer

**Mawlaik April 4**

According to the statistics of Mawlaik District Agriculture Department, a total of 7,897 acres of farmlands have been placed under summer paddy in the district of Sagaing Region.

Local people started cultivation of summer paddy on 7,897 acres in February this year against the target of 9,100 acres in 2023-24 financial year.

"This year's target cultivation is more than 9,000 acres of summer paddy. So far, local farmers have cultivated over 7,000 acres of paddy. We are trying hard to meet the target acres and help local farmers use quality paddy strains and agricultural techniques," said Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department.

In Mawlaik District, Mawlaik Township has grown 1,689 acres of summer paddy and Phaungpyin Township, 6,208 acres, totalling 7,897 acres. With regard to earmarking the cultivation, Mawlaik Township slated to grow 2,300 acres of summer paddy and Phaungpyin Township, 6,800 acres, totalling 9,100.

Officials of relevant township agriculture departments provide technical assistance for local farmers to successfully grow monsoon crops and summer paddy with the use of natural fertilizers.

Moreover, officials inspect paddy farms to be free from pests and to have high yield. 206


Workers cultivating summer paddy in a field.

# Rafah drowning in tears as Palestinians bid farewell to loved ones for survival

**Gaza April 4**

It should be a happy day. Ghazal Bseiso was finally able to leave Gaza, the war-torn enclave. Yet the departure only tortures the mother of four, who can leave with only two of her children.

At the Rafah border crossing that separates Gaza and Egypt, Bseiso couldn't help but burst into tears as she let go of the hand of her daughter, who had to stay behind.

"I paid everything ... to be able to flee the war," Bseiso told Xinhua while trying to control her tears. "I don't know why they prevented me from taking all my children. We are subjected to injustice all the time."

"How will my two young children live without me, and how will I bear being away from them? What sin have we committed to be displaced in this tragic way?" exclaimed the mother.

The 35-year-old mother moved to Gaza from Egypt after she married a Palestinian man ten years ago. She told Xinhua that her life had been happy until everything was shattered after the conflict broke out in Gaza in October last year. Xinhua


People mourn victims after an Israeli airstrike in the southern Gaza Strip city of Rafah, on April 2, 2024.

# Cooperative Syndicate to disburse more than K210 million loan to members from five townships

**Mandalay April 4**

Township Cooperative Syndicate decided to disburse more than K210 million loan to cooperative society member farmers from five townships of Mandalay Region in 2024-2025 financial year to grow summer paddy, said U Hlaing Moe, assistant director of Mandalay Region Cooperative Department.

The loan will cover 271 farmers from 12 cooperative societies from five townships in order to grow 1,085 acres of summer paddy in coming financial year. The loan is set to disburse K200,000 per acre to local farmers.

"Township cooperative societies will issue their own funds as loans to local farmers from the basic cooperative societies. It will be a strong fund for growing more than 1,000 acres of summer paddy. But, they have to repay the loan once every six months. Disbursement of loan aims to expand sown acreage of summer paddy to reduce higher prices of rice in the domestic market. As such, farmers need to efficiently spend their loans on correctly growing summer paddy. Its interest rate is 1.25 per cent," he explained.

The loas K216.172 million will cover 271 farmers from Patheingyi, Singaing, Meiktila, Pyawbwe and Myittha townships of Mandalay Region. The cooperative syndicates have disbursed K461.643 million of loans to local farmers to grow monsoon paddy.

185

# 10 districts of Mandalay Region complete cultivation of more than 33,800 acres of summer paddy



A summer paddy plantation.

**Mandalay April 4**

U Toe Min, Head of Mandalay Region Agriculture Department, said that more than 33,800 acres of farmlands have been placed under summer paddy in 10 districts of Mandalay Region.

These districts earmarked more than 88,900 acres of summer paddy this year, and local farmers have so far grown more than 33,800 acres of summer paddy. They used Manaw Thukha, Shwethweyin and GW 11 high yield paddy strains.

"Our department arranges availability of quality strains of paddy for local farmers to grow summer paddy. Moreover, we advise them to properly grow paddy in a systematic manner. We help farmers apply technology on combination of natural and chemical fertilizers in their farms. They operate their farmlands with the use of irrigated water, river water pumping facilities and underground water tapping process. Summer paddy fields will conclude their cultivation process by April," he explained.

Farmers cultivated summer paddy on 2,169 acres of farmlands in Kyaukse District, 2,124 acres in NyaungU District, 1,155 acres in TadaU District, 69 acres in Mahaaungmye District, 556 acres in Meiktila District, 2,150 acres in Myingyan District, 2,020 acres in Yamethin District, 8,083 acres in Thabeikkyin District, 7,376 acres in Amarapura District, and 63,247 acres in Aungmyethazan District. 185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 30,000 acres of oil crops harvested in Pwintbyu Township

**Pwintbyu April 4**

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Deparment, said that a total of 33,851 acres of oil crops have been harvested in Pwintbyu Township of Magway Region.

Pwintbyu Township has earmarked cultivation of 2,930 acres of groundnut, 6,500 acres of sesame, 12,805 acres of sunflower and 121 acres of niger, totalling 22,356 acres in winter. Practically, local farmers cultivated 2,938 acres of groundnut, 15,742 acres of sesame, 15,050 acres of sunflower and 121 acres of niger, totalling 33,851.

"In harvesting winter oil crops, groundnut yielded 54.05 baskets, sesame 8.25 baskets, sunflower 25.50 baskets and niger 10.70 baskets. Moreover, they could earn incomes from sale of oil crops. Our department helps local farmers to apply good agricultural practice in order to expand sown acre of oil crops year after year and provides necessary agricultural techniques to local farmers," said Daw Moe Moe Wai.



Workers harvesting groundnuts.

Township Agriculture Department cooperates with relevant township level departments in helping local farmers with agricultural techniques for meeting the target acre of oil crops, use of quality strains and GAP system, prevention of pests.

Ye Win Naing (NyaungU)

# Onion produced from Myittha sees booming trade in Mandalay market

**Mandalay April 4**

Daw May Thae Swe, owner of Aung onion and potato brokerage in Mandalay, said that onion produced from Myittha region is marketable in Mandalay market.

Starting from the last week of March, onion from Myittha flows into Mandalay market. Meanwhile, onion is in high demand at home and abroad.

"Myittha's onion is occupying many market shares in Mandalay market at present. We see onion produced from Myittha is in high trading," she added.

On 29 March, Myittha's onion fetched K3,100 per viss in Mandalay market.

"Onion from Myittha as well as Taungtha and Myingyan can be seen in Mandalay market. Of them, Myittha's onion is in high demand at present. The onion from Myingyan and Taungtha are in normal trading," she continued.

184



Quality onions from Myittha.

# Watermelon from Pantanaw Township sent to Yangon market

**Pantanaw April 4**

Daw Su Su Hlaing, owner of Pantanaw Township Agricultural Produce Trading, said that a large number of watermelon from Pantanaw Township in Ayeyawady Region is shipped to Yangon market.

Local farmers and businesspersons dispatched 235,000 pieces of watermelon to Yangon market in February, compared to 350,000 in March with the high demand from Yangon market.

"Number of watermelon leading to Yangon market is not the same in days. So, we have high demand from Yangon for dispatching the fruits due to lesser number of fruits from other regions, according to fruit depot owners. We expect good prices for watermelon till the end of harvesting season," said Daw Su Su Hlaing.

Watermelon is mostly grown in alluvial lands in Pantanaw Township. This year, 104 local farmers from 14 villages in the township grew one to five acres of watermelon this year. Watermelon fetches K2,000 to K9,000 per fruit at the market.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းနှင့် အနောက်အုပ်စုနိုင်ငံများ အကြမ်းဖက်လှုပ်ရှားမှုများတွင်ပါဝင်မှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ရုရှားစတင်လုပ်ဆောင်




ယူကရိန်းနှင့် ၎င်း၏အနောက်အုပ်စုကျောထောက်နောက်ခံနိုင်ငံများသည် ရုရှားမြေပေါ်တွင် အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်မှု ရှိ၊မရှိအပေါ် ရုရှားနိုင်ငံ စုံစမ်းစစ်ဆေးရေးကော်မတီက စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ရုရှားနိုင်ငံ RT သတင်းဌာနက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရခြင်းမှာ ရုရှားနိုင်ငံ လွှတ်တော်အမတ်များနှင့် ပြည်သူများ၏တိုင်ကြားစာများကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

ကနဦးစွပ်စွဲချက်များကို ပြန်လည်သုံးသပ်ပြီးနောက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ရုရှားနိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့က ဧပြီ ၁ ရက်တွင် ကြေညာခဲ့သည်။ မတ် ၂၇ ရက်တွင် ကော်မတီက လက်ခံရရှိခဲ့သည့် ကနဦးတိုင်ကြားချက်၌ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက ရုရှားနိုင်ငံပိုင်နက်မြေကို တိုက်ခိုက်မှုအများအပြားပြုလုပ်ခဲ့သည်ဟု စွပ်စွဲပြောကြားထားသည်။ တရားဥပဒေစိုးမိုးရေးအေဂျင်စီသည် အဆိုပါနိုင်ငံများထံမှအဖွဲ့အစည်း၊ ငွေကြေးထောက်ပံ့မှုနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုတို့ကို ရှာဖွေထောက်လှမ်းစုံစမ်းလျက်ရှိသည်။

ကနဦးတိုင်ကြားချက်ကို တင်ပြခဲ့သော ရုရှားနိုင်ငံ ပါလီမန်အမတ်တစ်ဦးဖြစ်သည့် ကွန်မြူနစ်ပါတီမှ နီကိုလေခါရီတိုနော့ဗ်က ယခုလအစောပိုင်းတွင် မော်စကိုမြို့အပြင်ဘက် Crocus မြို့တော်ခန်းမ၌ အကြမ်းဖက်တိုက်ခိုက်မှုမှ အနောက်နိုင်ငံများက အကျိုးအမြတ်များရရှိခဲ့ကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။ ရုရှား၏ပထဝီနိုင်ငံရေး အတိုက်အခံများသည် အဆိုပါအဖြစ်ဆိုးမှ အမြတ်ထုတ်ရန်ကြိုးပမ်းခဲ့ကြပြီးလက်လှမ်းမမီမှုနှင့် ပြစ်ဒဏ်ကင်းလွတ်မှုဆိုင်ရာတို့တွင် ရုရှားနိုင်ငံကြုံတွေ့ရနိုင်ဖွယ်ရှိသော စိန်ခေါ်မှုများကိုထည့်သွင်းစဉ်းစားခဲ့ကြသည်။

ရုရှားနိုင်ငံ၏သမိုင်းတွင် အသေအပျောက်အများဆုံးအကြမ်းဖက်တိုက်ခိုက်မှုတစ်ခုနှင့်ဆက်စပ်၍ ယခုအချိန်ထိအစွန်းရောက်အစ္စလာမ်စ်ဟုယူဆရသည့် သေနတ်သမား လေးဦးအပါအဝင် စုစုပေါင်း လူ ၁၂ ဦးကို ဖမ်းဆီးရမိထားကြောင်း သိရသည်။ အဆိုပါ ဖမ်းဆီးရမိသူများသည် မော်စကိုမြို့အပြင်ဘက်တွင် သေနတ်ပစ်ခတ်မှုနှင့် မီးရှို့အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် လူပေါင်း ၁၄၀ ကျော်သေဆုံးခဲ့သည်။

ရုရှားနိုင်ငံ တာဝန်ရှိသူများက ယူကရိန်းပါဝင်ပတ်သက်မှု ဖြစ်နိုင်ခြေရှိသော အထောက်အထားများကို ဖော်ထုတ်နိုင်သည်ဟုဆိုကာ တိုက်ခိုက်မှုနောက်ကွယ်တွင် ယူကရိန်းရှိနေနိုင်သည်ဟု ယုံကြည်ထားကြသည်။ အမေရိကန်နိုင်ငံကတော့ ယူကရိန်းပါဝင်ပတ်သက်မှုမရှိဟု အာမခံချက် ပေးထားသည်။

ယနေ့အချိန်တွင် အမေရိကန်နှင့်၎င်း၏မဟာမိတ်များသည် ISIS နှင့်ယူကရိန်းအထူးတပ်ဖွဲ့များကြားခံ၍ ရုရှားနယ်မြေများပေါ်တွင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြသည်ဟု Kharitonov က ၎င်း၏ Telegram တွင် ထုတ်ဖော်ရေးသားထားသည်။

“ရုရှားနဲ့ ခေတ်သစ်ကမ္ဘာတစ်ခုလုံးအပေါ် အကြမ်းဖက်စစ်ဆင်ရေးတွေ လုပ်ဆောင်ဖို့စည်းရုံးတာ၊ ငွေကြေးထောက်ပံ့တာနဲ့ ရာဇဝတ်မှုကျူးလွန်တာတွေအတွက် တာဝန်ရှိတယ်လို့အမေရိကန်နဲ့ ယူကရိန်းတို့ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေအပြင် အဲဒီနိုင်ငံတွေရဲ့ထောက်လှမ်းရေးဝန်ဆောင်မှုတွေကို တောင်းဆိုလိုက်ပါတယ်”ဟု Telegram တွင် ဖော်ပြထားသည်။

အဆိုပါတောင်းဆို၊ တိုင်ကြားချက်ကို ရုရှားနိုင်ငံ လွှတ်တော်အမတ်သုံးဦးအပြင် ဒဿနပညာရှင် အလက်ဆန်ဒူဂင်အပါအဝင် လူသိရှင်ကြား ပုဂ္ဂိုလ်တချို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အမျိုးသားရေးဝါဒီ အလက်ဆန်ဒူဂင်ကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုအနေဖြင့် ၎င်း၏သမီးဖြစ်သူ Darya သည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကားဗုံးခွဲခံရမှုဖြင့် သေဆုံးခဲ့သည်။ ၎င်းဖြစ်ရပ်ကို ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက ယူကရိန်းနိုင်ငံက စီစဉ်ညွှန်ကြားခဲ့ကြောင်း စွပ်စွဲပြောဆိုထားသည်။ ယူကရိန်းနိုင်ငံက အသွင်ယူထားသော လျှို့ဝှက်စစ်ဆင်ရေးအထူးတပ်ဖွဲ့ဝင်များသည် လူသတ်မှု၏နောက်ကွယ်တွင်ရှိနေသည်ဟု အနောက်အုပ်စုနှင့် အမေရိကန်နိုင်ငံရှိ တာဝန်ရှိသူများက ယုံကြည်နေကြသည်ဟု အနောက်အုပ်စုသတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့ကြသည်။

ယူကရိန်းနိုင်ငံအစိုးရသည် ကရိုင်းမီးယားတံတားကို ဗုံးခွဲတိုက်ခိုက်ခြင်းကဲ့သို့သော ရုရှားနိုင်ငံရှိ ပစ်မှတ်များကို တိုက်ခိုက်မှုတချို့အတွက် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုထားခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့်အပတ်က ယူကရိန်းလုံခြုံရေးဝန်ဆောင်မှုဌာန (SBU) အကြီးအကဲ Vasily Malyuk က သူတိုင်းပြည်၏ ရန်သူအဖြစ် သတ်မှတ်ထားသူများကို လုပ်ကြံသတ်ဖြတ်မှုများအကြောင်းပြောခဲ့ပြီး ဖြစ်စဉ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်တချို့ကို ဆက်လက်ပြောပြခဲ့သေးသည်။ Malyuk သည် ရုရှားက အကြမ်းဖက်ဝါဒကျူးလွန်သည့်အတွက် အလိုရှိနေသည့် ယူကရိန်းအကြီးတန်းအရာရှိများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ယူကရိန်းနိုင်ငံမှကျောထောက်နောက်ခံပြုထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များအောက်တွင် အဆိုပါသံသယရှိသူများကို လွှဲပြောင်းပေးရန် ယူကရိန်းနိုင်ငံသို့ တောင်းဆိုထားကြောင်း ရုရှားနိုင်ငံခြားရေးဌာနက မတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

**Russia to probe possible US links to terror attacks ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂါဇာနှင့် ယူကရိန်းတို့တွင် ဟီရိုရှီးမားနှင့်နာဂါဆာကီတို့ကဲ့သို့ မြန်မြန်အဆုံးသတ်ရန် အမေရိကန်လွှတ်တော်အမတ်က ပြောကြား

အမေရိကန်နိုင်ငံ မစ်ရှီဂန်လွှတ်တော်အမတ် Tim Walberg က အမေရိကန်သည် ဂါဇာနှင့် ယူကရိန်းရှိ အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတွင် ငွေကြေးမဖြုန်းသင့်ဘဲ အစ္စရေးနှင့် ယူကရိန်းတို့၏စစ်ပွဲများကို အမြန်ဆုံးအောင်မြင်မှုရရှိရန်သာကြိုးပမ်းသင့်ကြောင်း မစ်ရှီဂန်ပြည်နယ် Dundee မြို့တွင် ပြည်သူလူထုနှင့်တွေ့ဆုံမှုတစ်ခုအတွင်း ပြောကြားခဲ့သည်။

ဆိုရှယ်မီဒီယာတွင် မတ် ၂၅ ရက်က လွှင့်တင်ခဲ့သောဗီဒီယိုတစ်ခု၌ ရီပတ်ဘလီကန် လွှတ်တော်အမတ်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ မူဝါဒများကို ဝေဖန်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသ၌ အမေရိကန်၏ အဓိကအရင်းနှီးဆုံးမဟာမိတ်ဖြစ်သည့် အစ္စရေးနိုင်ငံကိုပံ့ပိုးမည့်အစား အမေရိကန်အနေဖြင့် ငွေကြေးများ ပိုမိုအကျိုးရှိအောင် သုံးစွဲသင့်သည်ဟု တက်ရောက်လာသည့် လူထုပရိသတ်ကို ပြောကြားခဲ့ကြောင်း သိရသည်။

“လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေအပေါ်မှာ ကျွန်တော်တို့က တစ်ပြားတစ်ချပ်မှ မသုံးသင့်ပါဘူး။ နာဂါဆာကီနှင့် ဟီရိုရှီးမားမှာလို ဖြစ်သင့်ပါတယ်။ အမြန်လုပ်ဆောင်ပါ။ ယူကရိန်းမှာလဲဒီလိုပါပဲ။ ရုရှားကို အမြန်အနိုင်ယူပါ။ ယူကရိန်းမှာ ၈၀ ရာခိုင်နှုန်းသော ငွေကြေးအကူအညီကို လူသားချင်းစာနာထောက်ထားမှု ရည်ရွယ်ချက်အတွက် အသုံးပြုနေမဲ့အစား ရုရှားတပ်ဖွဲ့တွေကို ချေမှုန်းဖို့ သုံးစွဲသင့်ပါတယ်”ဟု Walberg က ပြောကြားခဲ့သည်။

အဆိုပါပြောဆိုချက်များသည် အွန်လိုင်းမီဒီယာများမှတစ်ဆင့် ပျံ့နှံ့သွားပြီးနောက် Walberg က သူ၏စကားများသည် မှားယွင်းစွာ အစီရင်ခံပြီး အဓိပ္ပာယ်လွဲမှားစွာ ပြောဆိုနေကြခြင်းသာဖြစ်ကာ နျူကလီးယားလက်နက်ကို အသုံးပြုရန်အတွက် ထောက်ခံအားပေးနေခြင်းမျိုး မဟုတ်ကြောင်း တုံ့ပြန်ချေပခဲ့သည်။

“အတိုချုပ်ထားတဲ့ ဗီဒီယိုပိုင်တစ်ခုမှာ အစ္စရေးနဲ့ ယူကရိန်းနှစ်နိုင်ငံစလုံးအတွက် အမေရိကန်တပ်တွေကို ထိခိုက်နစ်နာအောင် မလုပ်မိစေဘဲ သူတို့ရဲ့စစ်ပွဲတွေကိုတတ်နိုင်သမျှ မြန်မြန်အနိုင်ရဖို့လိုအပ်ပါတယ်” ဟု Walberg က ပြောကြားခဲ့ဖူးကြောင်း မတ် ၃၁ ရက်တွင် X (ယခင် Twitter) လူမှုကွန်ရက်၌ ရေးသားထားသည်။

ဤအသုံးအနှုန်းကိုအသုံးပြု၍ အကြောင်းအရာအပေါ် ချဲ့ကားခြင်းနှင့်အတူ ကျွန်ုပ်၏သတင်းစကားကို အဓိပ္ပာယ်လွဲမှားသွားစေခဲ့သည်။ သို့သော် ထိုယုံကြည်ချက်အပေါ်မှာ အပြည့်အဝရပ်တည်ပြီး မဟာမိတ်များဘက်က ရပ်တည်နေကြောင်း၊ ဤပဋိပက္ခများ ပိုမိုမြန်ဆန်စွာ ပြီးဆုံးလေလေ အပြစ်မဲ့အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုနည်းပါးလာလေဖြစ်ကြောင်း Walberg က ထည့်သွင်းပြောကြားခဲ့သေးသည်။



**US congressman calls for ‘Hiroshima and Nagasaki’ solution in Gaza and Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၅၀၂၆၉ ဧက ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၅၀၂၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၀၂၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၃၄ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူခရိုင်မှာ မတ်ပဲ ၅၀၂၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးစေ့တွေ၊ ပိုးမွှားရောဂါကာကွယ်ဖို့နည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၈၅၄၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၁၇၂၅ ဧက စုစုပေါင်း ၅၀၂၆၉ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၅၀၁၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၅၀၂၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ်မတ်ပဲစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်း ကောင်းမွန်စေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန် အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Myanmar Citizens Bank တို့ပူးပေါင်း၍ သော်မှော်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် တတိယအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Citizens Bank မှ တာဝန်ရှိသူ ဦးရဲနိုင်ဝင်းက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်း၊ ငွေပေးချေနိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် သော်မှော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# မိုင်းယောင်းမြို့နယ် ယမ်းပုံးကျေးရွာ၌ ကုန်ထုတ်တံတားများတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း မေ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်မန်းကျေးရွာအုပ်စု ယမ်းပုံးကျေးရွာ၌ ကုန်ထုတ်တံတားများ တည်ဆောက်ပြီးစီးမှုကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ယမ်းပုံးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းပေါ်ရှိ အရှည် ငါးပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ငါးပေရှိ Box Culvert ကုန်ထုတ်တံတား လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် အချင်း နှစ်ပေ၊ အရှည် ၂၂ ပေရှိ Pipe Culvert ကုန်ထုတ်တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကုန်ထုတ်တံတားများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်တံတားများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၆၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Halo Moon Myanmar Company က ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ယမ်းပုံးကျေးရွာရှိ အိမ်ခြေ ၁၂၃ အိမ်မှ လူ ၅၈၇ ဦး တို့၏ လယ်ယာမြေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံ ထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၅-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်မယ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၆၅ |

**(သာဓ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ဂုဏ်ပြုပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် မေ ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း သုံးရာလေးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သုံးဆယ့်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




## မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော တေးသီချင်း ဗီဒီယိုများကို လူမှုကွန်ရက်ပေါ်တွင် လွှင့်တင်သူများကို ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို အရှက်သိက္ခာမဲ့စွာ ရိုက်ကူးထုတ်လွှင့်နေကြသည့်အတွက် သက်ဆိုင်ရာအစည်းအရုံးများက ထိန်းကျောင်းကြပ်မတ်ပေးရန် ပြန်ကြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁ ရက်တွင် သတိပေးထားမြစ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ဖြန့်ချိ၊ မျှဝေ၊ ပြသ၊ ရောင်းချလျက်ရှိသည့် ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားများကိုလည်း မတ် ၁၃ ရက်တွင် အရေးကြီးဝန်ဆောင်မှုအဖြစ်သတ်မှတ်၍ စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် "ဘီယာဗိုက်" အမည်ဖြင့် အရှက်သိက္ခာကင်းမဲ့စွာ တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်ပြသခဲ့သော အဆိုတော် မေသူ၊ ဟာသသရုပ်ဆောင် အိုကေနှင့် အခြားသက်ဆိုင်သူများကို ရန်ကုန်မြို့ ဗဟန်းမြို့မ ရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ-၃၃ (က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

သို့ပါ၍ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အဌမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာ ကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အဌမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာ ကျင်းပစဉ်။

**နေပြည်တော် မေ ၄**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အဌမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာကို မေ ၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုများက ခိုလမ်မြို့အတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများကို လှည့်လည်ပူဇော်ကြပြီး ရွှေစည်းခုံစေတီတော်ကြီးအား လက်ယာရစ်ရှင်လောင်းလှည့်လည်ခြင်းများနှင့် ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက်၌ ရဟန်း ၆၉ ပါး၊ ရှင်သာမဏေလောင်း ၂၅ ပါးနှင့်သီလရှင်လောင်း ၂၂ပါး စုစုပေါင်း ၁၁၆ ပါးတို့ကို ဆံချမင်္ဂလာပြုလုပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် သီလရှင်လောင်းများကို သင်္ကန်းဆီးပေး၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက်မှ သိမ်ထွက်ရဟန်းသံဃာများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သိမ်ဆွမ်းများ လောင်းလှူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြ၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာန၌ အဌမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၁၆ ဌာန၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့တွင် စာရင်းသွင်း ၄၈၇ ပါး/ဦးအနက် ၂၅၈ပါး/ဦးဖြေဆိုကြသဖြင့် ၅၂ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့သို့ စာရင်းသွင်း ၆၀၀၉၆ ပါး/ဦးအနက် ၄၈၆၆၁ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၉၇ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော်အပါး ၄၀ ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၂/၂၀၂၄ ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏
ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၂ /၂၀၂၄)
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း(၁)
### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

### အခန်း(၂)
### ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ကိုးဆယ့်ခြောက်သိန်းထက်မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင် ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

### အခန်း(၃)
### ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာနိုင်ငံသားတစ်ဦး စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများကို ကာယကံရှင်ထံ ပြန်လည်ပေးအပ်



မြန်မာနိုင်ငံသားတစ်ဦး စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများကို ကာယကံရှင်ထံ ပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံသားဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေသည် ရန်ကုန်အခြေစိုက် ဂန္ထဝင်ခရီးသွားလာရေးကုမ္ပဏီဖြင့် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ် အမေရိကန်ဒေါ်လာ ၃၀၄၈၊ စင်ကာပူဒေါ်လာ ၇၈၉၊ KBZ Master ကတ်တစ်ကတ်နှင့် AYA Bank ကတ်နှစ်ကတ်တို့ကို ပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများကို စင်ကာပူနိုင်ငံ ရဲတပ်ဖွဲ့ Lost and Found ဌာနမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် မြန်မာသံရုံး စင်ကာပူမြို့သို့ လာရောက်အပ်နှံခဲ့သည်။ မြန်မာသံရုံးအနေဖြင့် ကာယကံရှင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ်ရရှိနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရသဖြင့် ၎င်းငွေသားနှင့် ပစ္စည်းများကို မြန်မာသံရုံး၌ စနစ်တကျထိန်းသိမ်းထားရှိခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ်ရရှိခဲ့သဖြင့် မွန်းလွဲပိုင်း၌ သံရုံးယာယီတာဝန်ခံ သံအမတ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိန်းသိမ်းထားရှိထားသည့် ငွေသားနှင့် ပစ္စည်းများကို ကာယကံရှင်ဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

ရထားစီးခရီးသွားပြည်သူများကို အထက်တန်းလက်မှတ်အားသုံးရက်၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော်မှ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မြန်မာ့မီးရထား စီးပွားရေးဌာနခရီးသည်ဌာနခွဲတွင် လျှောက်လွှာဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**

# ဟုမ္မလင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများသေဆုံး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မနော်သာကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မေ ၁ ရက်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ဟုမ္မလင်းမြို့နယ်ရှိ ကျေးရွာများကို KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၁ ရက်မှစပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် မနော်သာကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း ဟုမ္မလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့် လွဲမှားနေသည့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# နေပြည်တော်ကောင်စီနယ်မြေ အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ အရေးကြီးနေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ပစ်ချဟန့်တားနိုင်ခဲ့





နေပြည်တော်ကောင်စီနယ်မြေ အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ အရေးကြီးနေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ပစ်ချဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။

**နေပြည်တော် မေ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် အေလာမြို့နယ်တို့ရှိ အရေးကြီး အဆောက်အအုံများနှင့် နေရာဌာနများကို ဖောက်ခွဲဖျက်ဆီးရန်နှင့်ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အနီးတို့မှ Fixed Wing များလွှတ်တင်ခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်နိုင်ရန်ကြံစည်ကြိုးပမ်းလာခဲ့သည်။

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုကို နေပြည်တော် ကောင်စီနယ်မြေအတွင်း လေကြောင်း လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါ Fixed Wing များအားလုံးကို လက်ဦးမှုရယူ ဟန့်တားနိုင်ခဲ့သည်။ ထိုသို့ လက်ဦးမှုရယူ ဟန့်တားနိုင်ခဲ့မှုကြောင့် နှစ်စီးမှာ သတ်မှတ်နေရာမရောက်မီ လေထဲတွင်ပေါက်ကွဲပျက်စီးခဲ့ပြီး အခြား Fixed Wing အားလုံးကိုလည်း ပစ်ချဟန့်တားနိုင်ခဲ့သည်။

အဆိုပါ ပစ်ချဟန့်တားခဲ့မှုကြောင့် မြေပြင်ပေါ်သို့ပျက်ကျခဲ့ရသည့် Fixed Wing များအနက် ၁၃ စီးအား သိမ်းဆည်းရရှိခဲ့ပြီး ၎င်းတို့အနက် လေးစီးတွင် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်း များပါရှိလာသဖြင့် စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ရသည်။ အခြားမြေပြင်ပေါ်သို့ ပျက်ကျခဲ့သည့် Fixed Wing များအား သိမ်းဆည်းရမိရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အရေးပေါ်အခြေအနေများတွင် ဖြစ်ပေါ်လာသော အခြေအနေများကို လုံခြုံရေးအရ ချက်ချင်းတုံ့ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများပါရှိသည့် Fixed Wing များကို ဖောက်ခွဲဖျက်ဆီးထားရှိမှုကိုတွေ့ရစဉ်။

# တရုတ်နိုင်ငံ ကျန်းဇီပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူခုနစ်ဦး သေဆုံး



**ပေကျင်း မေ ၄**

တရုတ်နိုင်ငံ တောင်ဘက်ပိုင်း ကျန်းဇီပြည်နယ်တွင် မေ ၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းဇီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တိုက်ခတ်ခဲ့သော လေပြင်းသည် တိုင်ဖွန်းမုန်တိုင်းအသွင်ဖြစ်ခဲ့ပြီး ပြင်းအားများခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ မြင့်မားခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးရွာသွန်းမှုများလည်းဖြစ်ပေါ်ခဲ့ပြီး နေရာတချို့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် မြို့ကိုးမြို့ရှိနေပြီး ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်ထားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့်ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၅၅၂ ဦးထိ ဘေးလွတ်ရာ အရေးပေါ်ရွှေ့ပြောင်းခဲ့ရပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှိခဲ့သည့် အဆောက်အအုံပေါင်း ၂၇၅၁ လုံးထိရှိခဲ့ကြောင်း၊ မိုးသီးများလည်းကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးသည့်ပမာဏ မြင့်မားခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသောလေပြင်းတိုက်ခတ်မှုနှင့်မိုးသီးကျရောက်မှုဖြစ်စဉ်ဖြစ်ကြောင်း၊ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကျရောက်မှုတို့အပြင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော တန်ဖိုးစုစုပေါင်းပမာဏမှာ ယွမ် သန်း ၁၅၀ ကျော်ရှိခဲ့ကြောင်း ကျန်းဇီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လေတိုက်နှုန်းမှာ အားကောင်းနေဆဲဖြစ်သည့်အတွက် ကျန်းဇီပြည်နယ် ရာသီဥတုလွန်ကဲမှုအခြေအနေကို လိမ္မော်ရောင်အဆင့်သတ်မှတ်ထားကြောင်း၊ သတိပေးအဆင့်အရောင်သတ်မှတ်ချက်အရ အရေးပေါ်အခြေအနေ အနီရောင်ပြီးလျှင် လိမ္မော်ရောင်သည် သတိပေးအဆင့်အမြင့်ဆုံးအရောင်ဖြစ်ကြောင်း တရုတ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် နိုင်ငံလုံးဆိုင်ရာကပ်ဘေးအဖြစ်ကြေညာ

**လူဆာကာ မေ ၄**

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်ရေရှားမှုအခြေအနေများကြောင့် မေ ၃ ရက်က နိုင်ငံလုံးဆိုင်ရာကပ်ဘေးအဖြစ် သမ္မတအီမာဆင်မနန်ဂွါက ကြေညာခဲ့ပြီး နိုင်ငံတကာအကူအညီများကို တောင်းခံခဲ့ကြောင်း သိရသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်ရေရှားမှု အခြေအနေမှာ ဆိုးရွားလျက်ရှိရာ နိုင်ငံလုံးဆိုင်ရာကပ်ဘေးအဖြစ် သမ္မတ အီမာဆင်မနန်ဂွါက မေ ၃ ရက်တွင် ကြေညာခဲ့ပြီး နိုင်ငံအတွက် အကူအညီ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံလိုအပ်လျက်ရှိကြောင်း ကြေညာချက်၌ ထည့်သွင်းဖော်ပြခဲ့သည်။

"မိုးခေါင်ရေရှားမှုကြောင့် ဇင်ဘာဘွေနိုင်ငံတစ်ဝန်း သီးနှံပျက်စီးမှုတွေလဲဖြစ်ပေါ်နေပြီး တစ်နိုင်ငံလုံးဘေးအန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေတစ်ရပ်ကို ရောက်ရှိလာတဲ့အတွက် ကပ်ဘေးအဖြစ် ထုတ်ပြန်ကြေညာခဲ့တာပါ"ဟု သမ္မတ အီမာဆင်မနန်ဂွါက ပြောကြားခဲ့သည်။



ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုကြောင့် လူပေါင်း ၂ ဒသမ ၇ သန်းကျော်သည် ယခုနှစ်တွင် စားနပ်ရိက္ခာမလုံလောက်မှုများဖြင့် ရင်ဆိုင်နေရပြီး ယခုနှစ် ဆန်စပါးရိတ်သိမ်းမှုသည် နိုင်ငံအတွင်းလိုအပ်ချက်၏ ထက်ဝက်ကျော်သာရရှိနိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ခဲ့သော အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာ့အပူချိန်တိုးလာခဲ့ပြီး အာဖရိကတောင်ပိုင်းနိုင်ငံများဖြစ်သော မာလာဝီနှင့် ဇမ်ဘီယာနိုင်ငံတို့က သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာပြီးနောက် ဇင်ဘာဘွေနိုင်ငံသည် တတိယမြောက် သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

ဇင်ဘာဘွေနိုင်ငံသည် ရေအားလျှပ်စစ်ကို အလွန်အမင်းမှီခိုအားထားနေရပြီး မိုးခေါင်ရေရှားမှုအခြေအနေများကြောင့် လျှပ်စစ်ကဏ္ဍတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# ဘရာဇီးနိုင်ငံ ယာနိုမာမီလူမျိုးစုများနေထိုင်ရာနေရာများတွင် မာကျူရီထုတ်လွှတ်မှုမြင့်မားနေ

**ဘရာစီးလီးယား မေ ၄**

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောကြီးပိုင်းအနီး၌ နေထိုင်သော ယာနိုမာမီဌာနေတိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နေရာများတွင် မာကျူရီထုတ်လွှတ်မှု မြင့်မားနေကြောင်း ဘရာဇီးအစိုးရလက်အောက်ခံ အင်စတီကျုဖြစ်သည့် ဖီအိုခရုဇ်အင်စတီကျုမှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယာနိုမာမီဌာနေတိုင်းရင်းသားလူမျိုး ၂၇၅ ဦး၏ ဆံပင်နမူနာများကိုရယူပြီး ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုပြုလုပ်ခဲ့ရာ မာကျူရီဓာတ်များပါဝင်မှုနှုန်း မြင့်မားနေသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါစမ်းသပ်ခံရသူများအနက် ၁၁ ရာခိုင်နှုန်း၌ မာကျူရီဓာတ်ပါဝင်မှုနှုန်း အလွန်မြင့်မားကြောင်းလည်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ယာနိုမာမီဌာနေတိုင်းရင်းသားတွေရဲ့ခန္ဓာကိုယ်အတွင်းမှာ မာကျူရီဓာတ်တွေ တွေ့ရတယ်။ မာကျူရီဓာတ်တွေကြောင့် ဌာနေတိုင်းရင်းသားတွေအနေနဲ့ ကိုယ်တွင်းအင်္ဂါတွေ ပျက်စီးယိုယွင်းလာနိုင်တယ်။ တရားမဝင် သတ္တုမိုင်းတွင်းတွေကြောင့် မာကျူရီဓာတ်တွေကို အခုလို ပျံ့နှံ့နေတာဖြစ်တယ်လို့ သုံးသပ်မိပါတယ်"ဟု သုတေသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယာနိုမာမီဌာနေတိုင်းရင်းသားလူမျိုးစုများနေထိုင်သည့် ဧရိယာများအနီးတွင် တရားမဝင်သတ္တုတူးဖော်ရေးလုပ်ကွက် အများအပြားရှိသကဲ့သို့ တရားမဝင်ရွှေတူးဖော်ရေးလုပ်ကွက်များလည်း များစွာရှိကြောင်း၊ အဆိုပါ တရားမဝင်သတ္တုတူးဖော်ရေးလုပ်ကွက်များမှ ပျံ့နှံ့ခဲ့သောမာကျူရီများသည် ယာနိုမာမီဌာနေတိုင်းရင်းလူမျိုးစုများနေထိုင်ရာအရပ်သို့ ပျံ့နှံ့ခဲ့ဟန်ရှိကြောင်း သုတေသီများက သုံးသပ်ခဲ့သည်။

တရားမဝင် သတ္တုတူးဖော်ရေးလုပ်ကိုင်ဆောင်ရွက်သူများသည် ယာနိုမာမီဌာနေတိုင်းရင်းသားများ၏နယ်မြေကိုကျူးကျော်ကာ တရားမဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘရာဇီးအစိုးရအနေဖြင့် တရားမဝင် သတ္တုတူးဖော်ရေးလုပ်ကွက်များကို ပြင်သစ်အစိုးရနှင့် ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသော်လည်း ရာနှုန်းပြည့်ရှင်းလင်းနိုင်ရေးမှာ ခက်ခဲနေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ပနားမားတူးမြောင်း၌ ရေပမာဏကျဆင်းမှု ကမ္ဘာ့ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် ဆုံးရှုံးနစ်နာမှုများ ရှိလာနိုင်

**ဝါရှင်တန် မေ ၄**

မိုးခေါင်မှုကြောင့် ပနားမားတူးမြောင်း၌ ရေပမာဏကျဆင်းလာခဲ့ရာ ကုန်တင်သင်္ဘောကြီးများဖြတ်သန်းသွားလာ၍ မရသဖြင့် ကမ္ဘာ့ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် ကြီးမားသည့် ဆုံးရှုံးနစ်နာမှုများရှိလာနိုင်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် S&P Global Inc.က သတိပေးသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပနားမားတူးမြောင်း၌ ရေပမာဏကျဆင်းမှုကြောင့် ၂၀၂၃ ခုနှစ်နောက်ပိုင်း ကန့်သတ်မှုအမျိုးမျိုးပြုလုပ်ခဲ့ရပြီး ကုန်တင်သင်္ဘောကြီးတချို့မှာလည်း ပနားမားတူးမြောင်း၌ ကာလရှည်သောင်တင်ခဲ့ရသည့်အခြေအနေများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍအတွက် အရေးပါသည့် ပနားမားတူးမြောင်း၌ ရေပမာဏကျဆင်းကာ ကုန်တင်သင်္ဘောကြီးများ ဖြတ်သန်းရန်ခက်ခဲမှုသည် ကမ္ဘာ့စီးပွားရေးလောကအပေါ် ကြီးမားသည့်ရိုက်ခတ်မှုဖြစ်ပေါ်စေကြောင်း သိရသည်။

"ပနားမားတူးမြောင်းဟာ ကမ္ဘာ့စီးပွားရေးလောကအတွက် အရေးပါတဲ့ တူးမြောင်းဖြစ်ပါတယ်။ ကုန်စည်ပို့ဆောင်ရေးအတွက် အဓိကကျတဲ့တူးမြောင်းဖြစ်တယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၂၃ ခုနှစ်နောက်ပိုင်းမှာ ပနားမားတူးမြောင်းအတွင်းရေပမာဏသိသိသာသာကျဆင်းခဲ့တယ်။ ကျဆင်းသွားတဲ့ရေပမာဏအရ ကုန်တင်သင်္ဘောကြီးတချို့ ဖြတ်သန်းလို့မရတော့တဲ့အခြေအနေဖြစ်သွားတယ်။ ကမ္ဘာ့စီးပွားရေးကဏ္ဍအတွက် ကုန်စည်ပို့ဆောင်ရေးကို ပနားမားတူးမြောင်းကနေ အဓိကလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ပနားမားတူးမြောင်းမှာဖြစ်ပေါ်နေတဲ့ ရေပမာဏကျဆင်းမှုကြောင့် ကုန်တင်သင်္ဘောကြီးတချို့ဟာ ကာလရှည်သောင်တင်ခဲ့ကြတယ်။ လက်ရှိ ရေပမာဏအခြေအနေအရ တစ်ရက်ကို သင်္ဘော ၂၄ စီးကနေ ၂၇ စီးထိပဲ ဖြတ်သန်းခွင့်ပြုထားတယ်။ အရင်ခွင့်ပြုထားတဲ့ အရေအတွက်နဲ့ယှဉ်ရင် တော်တော်လေးကွာဟသွားတယ်။ လာမဲ့မေလအတွင်း မိုးပြန်ရွာလာရင်တော့ တစ်ရက်ကို သင်္ဘော ၃၆ စီးထိ ပေးဖြတ်မယ်လို့ မျှော်လင့်ပါတယ်"ဟု S&P Global Inc.မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

## လျှင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အများစု နေ့စဉ်ဖွင့်လှစ်ရောင်းချပေးသွားမည်




**ရန်ကုန် ဧပြီ ၄**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အများစု နေ့စဉ်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန (ရန်ကုန်)မှ အထွေထွေမန်နေဂျာ ဦးကျော်သူရဝင်းထံမှ သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူသွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားသော မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အများစုကို နေ့စဉ် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဆိုင်အရေအတွက်ကို ယခင်နှစ် သင်္ကြန်ကာလများထက် ပိုမိုဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးမှာ နှစ်ဆိုင်၊ မကွေးတိုင်းဒေသကြီးမှာ သုံးဆိုင် စုစုပေါင်း ၄၆ ဆိုင်ရှိပါတယ်။ မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဆိုင် ၄၁ ဆိုင်အနက် ၃၄ ဆိုင်ကို နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာတော့ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် နှစ်ဆိုင်ထဲက ပုလိပ်အရောင်းဆိုင်ကို ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးမှာဖြစ်ပါတယ်။ အလားတူ မကွေးတိုင်းဒေသကြီးမှာရှိတဲ့ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် သုံးဆိုင်အနက် ရေနံချောင်းက တစ်ဆိုင်နဲ့ ချောက်က တစ်ဆိုင်ကို ပုံမှန်အတိုင်း ပိတ်ရက်မရှိဖွင့်လှစ်ပေးသွားမှာပါ။ အရင်နှစ်တွေကတော့ ယာဉ်ထွက်ရှိနှုန်းနည်းတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးမှာ အရောင်းဆိုင် ၁၅ ဆိုင်လောက်ထိ အရောင်းရပ်နားထားပေမဲ့ ဒီနှစ်မှာတော့ အလှည့်ကျပိုးပေးစနစ်ရှိနေတဲ့အတွက် ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်မောင်းတွေ၊ ခရီးသည်တွေ အဆင်ပြေစေဖို့အတွက် အရောင်းဆိုင်တွေကို တိုးမြှင့်ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်"ဟု အထွေထွေမန်နေဂျာ ဦးကျော်သူရဝင်းက ပြောပြသည်။

အဆိုပါ မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်ပေးမည့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များအနေဖြင့် နံနက် ၅ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပြီး မဟာသင်္ကြန်ကာလအတွင်း အရောင်းပိတ်ထားသည့်ဆိုင်များကို ဧပြီ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်း ၁၁၆၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**လားရှိုး ဧပြီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်း ၁၁၆၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပန်းနှမ်း ၁၁၇၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပန်းနှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ပန်းနှမ်း ၁၁၆၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပန်းနှမ်း တစ်ဧကလျှင် ၁၀ တင်းထွက်ရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်မှာ ဒေသတွင်းစားသုံးဆီဖူလုံစေဖို့အတွက် ဆောင်းရာသီဆီထွက်သီးနှံ ပန်းနှမ်း အပါအဝင် မြေပဲ၊ နေကြာ၊ ဆီမုန်ညင်းတွေကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ ပန်းနှမ်းအထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့နဲ့ စားသုံးဆီ ဖူလုံစေဖို့အတွက် ပန်းနှမ်းစံပြစိုက်ကွက်တွေကို ဖော်ဆောင်စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ ရာသီအလိုက် ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေး သင်တန်းတွေကိုလဲ သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်" ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

ကျော်စောဦး(မောရှမ်းမြေ)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# စောင့်ကြည့်သူ

**အမေ့သား(နတ်မောက်)**

(၁)

အပြစ်အားလုံးကနေ လွတ်မြောက်သွားတဲ့နောက်မှာ သူ့စိတ်တွေပေါ့ပါးသွားတယ်။ လွတ်လပ်သွားတယ်။လာရာလမ်းကို တစ်ဖန်ပြန်သွားရမှာမို့ စိတ်လှုပ်ရှားနေမိတယ်။ ဒီတစ်ခါဘယ်လိုပုံစံမျိုးနဲ့ ကျင်လည်ရမလဲ ဆိုတာ သူ မသိသေးဘူး။ သူ့ရဲ့အတိတ်ကလုပ်ရပ်တွေကပဲ သူ့အနာဂတ်ကိုဖန်တီးပေးခဲ့တာ။ သူ့မှာ ငြင်းဆိုခွင့်မရှိခဲ့ဘူး။ ထားရာနေ စေရာသွားဘဝကို ရောက်မှန်းမသိရောက်နေခဲ့တာ။ အပြစ်အားလုံးကနေ မြန်မြန်လွတ်မြောက်ခွင့်ရတာကိုပဲ တော်ပါသေးရဲ့လို့ သူအောက်မေ့မိတယ်။ ကျေးဇူးတင်နေမိတယ်။

"မောင်နဲ့ မြန်မြန်နီးချင်ပြီကွယ်"

သာယာနာပျော်ဖွယ်စကားတစ်ခွန်းက သူ့နားထဲကို ပျားသကာလိုချိုမြစွာစီးဆင်းလာတယ်။ အသံလာရာဆီကိုကြည့်လိုက်တော့ လူသားနှစ်ယောက်။ သေချာကြည့်မှ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေမှန်းသိရတယ်။

"ဝါကျွတ်တာနဲ့ လူကြီးမိဘအစုံအလင် ခေါ်ပြီး မောင်လာတောင်းပါ့မယ်နော် သဲ"

မိန်းကလေးမျက်နှာ ချက်ချင်းဝင်းပသွားတာကို သူတွေ့လိုက်တယ်။ ဆန္ဒတွေပြည့်ဝသွားတော့ ပျော်နေတယ်ထင်ပါရဲ့လေ။ ပတ်ဝန်းကျင်ကိုတောင် ဂရုမစိုက်နိုင်တော့ပေ။ ပတ်ဝန်းကျင်ဆိုလို့ ပတ်ဝန်းကျင်မှာ သူကလွဲပြီး ဘယ်သူမှရှိမနေပါဘူး။ မိန်းကလေးက မျက်လုံးကို စုံမှိတ်လို့။ ယောကျ်ားလေးရဲ့လက်တစ်ဖက်က မိန်းကလေးရဲ့ဆံနွယ်လေးတွေကို ပွတ်သပ်ပေးနေတယ်။ ကျန်လက်တစ်ဖက်က အညိုရောင်သန်းနေတဲ့ မိန်းကလေးရဲ့လက်တစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ထားတယ်။ ပတ်ဝန်းကျင်မှာ မှောင်ရိပ်သန်းလာပေမဲ့ လေပြည်လေးတောင် မတိုက်တာကြောင့် ဘာသံမှ မကြားရအောင် တိတ်ဆိတ်နေတယ်။ ကြားခဲ့ရတဲ့ စကားတွေအရ ယောကျ်ားလေးနဲ့ မိန်းကလေးဟာ လက်မထပ်ရသေးဘူးဆိုတာ သူသိနေတယ်။ ဒါဆို အိမ်ထောင်မပြုရသေးတဲ့ သမီးရည်းစားတွေပေါ့။ ဆက်စပ်စဉ်းစားကြည့်မိတော့ သူ ယောကျ်ားလေးကို မနှစ်မြို့တော့ဘူး။ အမှောင်ထုကို အခွင့်ကောင်းယူနေတဲ့ ယောကျ်ားလေးရဲ့မျက်နှာကို အစိတ်စိတ်အမွှာမွှာကွဲပြဲသွားတဲ့ထိ သူလက်သီးနဲ့ထိုးပစ်လိုက်ချင်တယ်။ ဒါပေမဲ့ သူမစွမ်းသာခဲ့ဘူး။ အချိန်တွေက တဖြည်းဖြည်းကုန်လွန်လာနေတာကြောင့် သူသွားရမဲ့ခရီးဆက်သွားဖို့ပြင်လိုက်တယ်။ အချိန်မီရောက်ဖို့က လိုသေးတယ်လေ။

"ကဲ သဲရေ။ လူကြီးတွေ စိတ်ပူနေရော့မယ် ပြန်ကြရအောင်"

သူနေရာကနေတောင် မရွေ့ရသေးပါဘူး။ အသံနဲ့အတူ ယောကျ်ားလေးနဲ့ မိန်းကလေးမတ်တတ်ရပ်လိုက်ကြတာ တွေ့လိုက်တယ်။ ယောကျ်ားလေးက သူထင်ထားသလိုမပြုမူဘဲ စိတ်ကိုထိန်းချုပ်လိုက်နိုင်တာကိုတော့ သူကျေးဇူးတင်မိပါရဲ့။ ဝမ်းသာမိပါရဲ့။ ယောကျ်ားလေးနဲ့ မိန်းကလေးတစ်ယောက်လက်ကို တစ်ယောက်ချိတ်ကာ နောက်ကို ပြန်လှည့်လိုက်ချိန်မှာ သူနဲ့မျက်နှာချင်းဆိုင် ဖြစ်သွားတယ်။ သူထိတ်လန့်သွားတယ်။ ဘေးနားကသစ်ပင်လေးကို အကာအကွယ်ယူပြီး အမြန်ပုန်းလိုက်တယ်။ အပြုံးမျက်နှာ ပျက်မသွားကြတဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးကို တွေ့လိုက်ရမှ သူ စိတ်အေးသွားရတော့တယ်။ အချင်းချင်းကြည်နူးနေချိန် သူ့ကိုမြင်သွားရင် မကောင်းဘူးလေ။ မဟုတ်ဘူးလား။ ဒါပေမဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးမျက်နှာတွေက သူ့မျက်လုံးထဲကနေ ထွက်မသွားနိုင်ဘဲ ကျန်ရစ်နေခဲ့တယ်။ သူ့အတွေးထဲမှာ တေးမှတ်ခဲ့တဲ့မျက်နှာတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်တော့ အတူတူဖြစ်နေတာကို တွေ့ရတယ်။ သူအံ့သြနေမိတယ်။ ခရီးဆက်သွားရအုံးမယ် ထင်ထားတာ။ ဒါဆို သွားစရာမလိုတော့ဘူးပေါ့။ မသေချာဘဲနေမှာစိုးလို့ သူနောက်တစ်ခါပြန်စစ်ဆေးကြည့်တယ်။ အရာအားလုံး တူညီနေတာတွေ့ရတော့ သူပျော်သွားတယ်။ သူ စောင့်ကြည့်ရမဲ့လူနှစ်ယောက်ကို တွေ့ပြီလေ။ ဝမ်းမြောက်စွာနဲ့ နောက်ကနေခြေသံတိတ် လိုက်ပါလာခဲ့တယ်။

(၂)

ယောကျ်ားလေးရဲ့နာမည်က လူအေးတဲ့။ ကိုလူအေးပေါ့။ နာမည်နဲ့လိုက်အောင် တကယ်အေးသလိုကတိလဲတည်တယ်။ အခုပဲကြည့်လေ၊ ကိုလူအေးကပေးထားတဲ့ကတိအတိုင်း ဝါကျွတ်ပြီဆိုတာနဲ့ လူကြီးမိဘစုံရာနဲ့ မနန္ဒာကို လာတောင်းတော့တာပဲ။ မနန္ဒာ ဘယ်လောက်ပျော်နေမလဲဆိုတာ မျက်နှာကိုမြင်ရုံနဲ့သိတယ်။ မနန္ဒာနည်းတူ ကိုလူအေးလဲပျော်နေပုံပါပဲ။ ကိုယ်ချစ်နှစ်သက်သူနဲ့ နီးစပ်ရမဲ့ကိစ္စကို ဘယ်သူကမပျော်ဘဲရှိပါ့မလဲလေ။ ကိုလူအေးနဲ့ မနန္ဒာကိုကြည့်ပြီး ချောင်ကောင်းကောင်းမှာ ခိုကပ်နေတဲ့သူလဲပျော်နေတော့တာပါပဲ။

"နှစ်ဦးနှစ်ဖက်သဘောတူပြီဆိုတော့ မင်္ဂလာရက်မြတ်ကို သတ်မှတ်ရုံပဲရှိတော့တာပေါ့"

သူ့အတွက်မင်္ဂလာစကားကို ကြားလိုက်ရသလိုပဲ။ ခုန်ပေါက်ပြီး ဆော့ကစားပစ်လိုက်တယ်။ ကိုလူအေးနဲ့ မနန္ဒာတို့ရဲ့မျက်နှာတွေရှေ့မှာ မမောနိုင်၊ မပန်းနိုင်ခေါက်တုံ့ခေါက်ပြန်ပြေးလွှားနေမိတယ်။ လူကြီးတွေရဲ့ဆုံးဖြတ်ချက်အရ မင်္ဂလာပွဲဟာလဲ မကြာခင်မှာ ကျင်းပတော့မှာပေါ့။ ဒါဆို ကိုလူအေးနဲ့မနန္ဒာတို့ မကြာခင်မှာ နီးစပ်ကြတော့မယ်။ အတူနေထိုင်ကြရတော့မယ်။ သူ ရင်တွေခုန်လာတယ်။

(၃)

မနန္ဒာနေ့စဉ်ရက်ဆက် သောက်နေရတဲ့ဆေးတွေကို သူ မနှစ်မြို့ဘူး။ ဘာကြောင့် ဒီဆေးတွေသောက်နေရလဲဆိုတာလဲ သူ မသိဘူး။ သူ့မှာမေးပိုင်ခွင့်မရှိသလို တားမြစ်ပိုင်ခွင့်လဲမရှိဘူးလေ။ သူသိတာက မနန္ဒာ ဒီဆေးတွေသောက်လိုက်တာနဲ့ သူ အဝေးကိုရောက်သွားသလို ခံစားရတာပါပဲ။

"မောင် အလုပ်မှာအဆင်ပြေရဲ့လား"

"ပြေပါတယ် သဲရဲ့"

ကိုလူအေးက မနန္ဒာပြင်ဆင်ပေးထားတဲ့ မနက်စာကိုမြိန်မြိန်ရှက်ရှက်နဲ့ စားနေတယ်။ မနန္ဒာက ကိုလူအေးနဲ့ တစ်ခါထဲဝင်မစားဘူး။ တံမြက်စည်းတစ်ချောင်းနဲ့ အိမ်သန့်ရှင်းရေးလုပ်နေတယ်။ လင်ရယ်၊ မယားရယ်ဖြစ်လာကတည်းက ကိုလူအေးနဲ့ မနန္ဒာ စကားများရန်ဖြစ်တာ သူ မတွေ့ဖူးသေးဘူး။ တစ်နှစ်ကျော်ကျော်ကာလကို အခုလိုအေးအေးချမ်းချမ်းဖြတ်သန်းနိုင်တာ သူချီးကျူးမိတယ်။ ဒါပေမဲ့ သူ့အတွက် နေစရာနေရာမရှိသေးတာကိုတော့ ဝမ်းနည်းမိတာ အမှန်ပါပဲ။

"သဲရေ မောင်သွားပြီနော်"

"ဂရုစိုက်သွားအုံးနော် မောင်"

"အင်းပါ။ သဲလဲ အိမ်မှာနားနားနေနေ နေအုံးနော်"

ကိုလူအေးက ပြောပြောဆိုဆိုနဲ့ အိမ်အောက်ဆင်းသွားတယ်။ ဘတ်စကားမှတ်တိုင်ကို ရောက်အောင် ၁၅မိနစ်လောက် ကိုလူအေးလမ်းလျှောက်ရလိမ့်မယ်။ သူစီးရမဲ့ ဘတ်စကားမလာသေးရင် စောင့်နေရအုံးမယ်။ ဘတ်စကားရောက်ပြီဆိုတာနဲ့ ကိုလူအေးတက်စီးသွား၊ လေးမှတ်တိုင်၊ ငါးမှတ်တိုင်လောက်ရောက်ရင် ကိုလူအေး ဆင်းရပြီ။ ပြီးရင် ငါးမိနစ်လောက် လမ်းလျှောက်လိုက်တာနဲ့ ကိုလူအေးအလုပ်လုပ်တဲ့ ရုံးကိုရောက်ပြီ။ အလွတ်ရနေပြီးသား ကိုလူအေးရဲ့ ခရီးလမ်းကြောင်းထဲမှာ အဲဒီငါးမိနစ်က တော်တော်လေးကြာတယ်လို့ သူ ထင်တယ်။ သူ့အတွက် စိတ်အညစ်ဆုံးအချိန်ကာလလို့ပြောရင် ပိုပြီးမှန်လိမ့်မယ်။

"ဦးလေး ထမင်းဗိုးလေးပေးသနားပါ"

"အစ်ကိုကြီး ထမင်းဖိုးလေး"

ညစ်ပတ်ပေရေနေတဲ့ အရွယ်အစားအမျိုးမျိုးရှိတဲ့ ကလေးပေါင်းစုံ ကိုလူအေးဘေးရောက်ရှိလာတယ်။ ခပ်ဆိုးဆိုးအနံ့အသက်တွေကြောင့် သူ့နှာခေါင်းရှုံ့မိပေမဲ့ ကိုလူအေးကတော့အပြုံးမပျက်ဘူး။ ကရုဏာမျက်လုံးတွေနဲ့ ကလေးတွေကို လိုက်ကြည့်နေတော့တာရယ်။ အိတ်ကပ်ထဲက ပိုက်ဆံအကြွေတွေကိုလဲ ထုတ်ပေးနေသေးတာ။ ကိုလူအေးဟာ ဒါနဲ့တင်အားမရသေးဘူး။ ညစ်ပတ်ပေရေနေတဲ့ ကလေးတွေနဲ့ မျက်နှာချင်းဆိုင်ပြီး စကားတွေပြောနေသေးတာရယ်။

"သားက ကျောင်းမနေတော့ဘူးလား။ သားမိဘတွေကော ဘယ်မှာနေကြလဲ၊ ဘာလုပ်ကြလဲ။ ဦးကိုပြောပြပါအုံး"

ကိုလူအေးက စိတ်ဝင်တစားမေးနေပေမဲ့ ကလေးတွေကစိတ်ဝင်စားဟန်မပြကြပါဘူး။ သူတို့လက်ထဲ ပိုက်ဆံလေးတွေ ရောက်လာတာနဲ့ အခြားသူတွေဆီ ချဉ်းကပ်သွားတော့တာပါပဲ။ ကိုလူအေး လက်ဆွဲထားတဲ့ကလေးတစ်ယောက်သာ ကျန်နေတော့တာရယ်။

"မေမေက ဟိုဘက်လမ်းမှာ၊ သားတို့လိုပဲ လိုက်တောင်းနေရတယ်"

ကလေးက မျက်လွှာလေးကိုချပြီး ဖြေတယ်။ ကိုလူအေးလက်ကို လွှတ်ပေးလိုက်တာနဲ့ လှစ်ခနဲပြေးထွက်သွားတော့တာ။ ကိုလူအေးက ကလေးရဲ့ကျောပြင်ကို ငေးကြည့်တယ်။ အတွေးပေါင်းစုံက ကိုလူအေးမျက်ဝန်းမှာ လာထင်ဟပ်နေတာကို သူတွေ့လိုက်တယ်။ နေ့စဉ်တွေ့နေရတဲ့ အဲဒီကလေးတွေကို သူမှန်းမှန်းမသိ မုန်းနေမိတယ်။

(၄)

နှစ်နှစ်ကျော်၊ သုံးနှစ်ထဲရောက်လာတဲ့ အချိန်ထိ

စာမျက်နှာ ၂၅သို့ ➤

❖ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲရောက်လာတဲ့အချိန်ထိ သူ့အတွက် နေရာလေးတစ်နေရာကိုတောင် ဖန်တီးမပေးခဲ့တဲ့ ကိုလူအေးနဲ့ မနန္ဒာကို ကြည့်ပြီး သူဝမ်းနည်းလာတယ်။ ကိုလူအေးနဲ့ မနန္ဒာက သူ့ကို မချစ်ဘူးလို့ ခံစားရတယ်။ ဒါက သူခံစားမိတဲ့ တစ်ဖက်သတ်ခံစားချက်ကိုပြောတာပါ။ သူ့အပေါ်ထားတဲ့ ကိုလူအေးနဲ့ မနန္ဒာရဲ့ တကယ့်ခံစားချက်ကိုတော့ သူ မသိနိုင်ဘူး။ သိအောင်လဲသူ့မှာ ရပ်လုံးပြပိုင်ခွင့် မရှိဘူးလေ။ ❖

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၃၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၃၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း နှမ်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ်မှာလဲ နွေနှမ်း စိုက်ပျိုးမှုလျာထားချက်ထက် ပိုမို စိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေပါတယ်။ ဒ့ါပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးရာမှာ တစ်ဧကကို ငွေကျပ် တစ်သိန်းကျော်ကုန်ကျပါတယ်”ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် နွေနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၁၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၉၀၆ ဧက စုစုပေါင်း ၂၃၂၁ ဧကဖြစ်ကြောင်း၊ မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၄၈၀၊ ဘုတလင်မြို့နယ်တွင် ရှစ်ဧက၊ အရာတော်မြို့နယ်တွင် ဧက ၃၂၀၀၊ ချောင်းဦးမြို့နယ်တွင် ၂၇၃၉ ဧက စုစုပေါင်း ၆၄၂၇ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးမှု တိုးချဲ့နိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်တောင်သူများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် ဆွပ်ပန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**မိုင်းဖြတ် ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆွပ်ပန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဧပြီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေါ်ခင်မေလွင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ဆွပ်ပန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့်မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆွပ်ပန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ၁၀ ဦးကို ပဋ္ဌမအကြိမ် ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်ထံမှ သိရသည်။

**မောင်ခိုင်**

➤ **စာမျက်နှာ ၂၄ မှအဆက်**

သူ့အတွက် နေရာလေးတစ်နေရာကိုတောင် ဖန်တီးမပေးခဲ့တဲ့ ကိုလူအေးနဲ့ မနန္ဒာကိုကြည့်ပြီး သူဝမ်းနည်းလာတယ်။ ကိုလူအေးနဲ့ မနန္ဒာက သူ့ကို မချစ်ဘူးလို့ ခံစားရတယ်။ ဒါက သူခံစားမိတဲ့ တစ်ဖက်သတ်ခံစားချက်ကို ပြောတာပါ။ သူ့အပေါ်ထားတဲ့ ကိုလူအေးနဲ့ မနန္ဒာရဲ့ တကယ့်ခံစားချက်ကိုတော့ သူ မသိနိုင်ဘူး။ သိအောင်လဲ သူ့မှာ ရုပ်လုံးပြပိုင်ခွင့် မရှိဘူးလေ။ စောင့်ဆိုင်းနေရချိန်ကြာလာတာနဲ့အမျှ သူ့စိတ်ပျက်မိတာတော့ အမှန်ပါပဲ။ သူ့ဘဝဟာ မဖြတ်သန်းရသေးခင်ကတည်းက ကံဆိုးမိုးမှောင်ကျနေသလားလို့တောင် တွေးထင်မိတော့တယ်။ တစ်နေ့နဲ့ တစ်နေ့ စောင့်ဆိုင်းရတာ သူငြီးငွေ့လှပြီ။ တက်ကြွမှုလဲ မရှိတော့ဘူး။ မျှော်လင့်ချက်ကင်းမဲ့နေသလို သူ့စိတ်ဟာ အမြဲထိုင်းမှိုင်းနေတော့တယ်။

“မောင် သဲတို့ ဘယ်တော့လောက် ကလေးယူကြမလဲဟင်”

မနန္ဒာရဲ့စကားကိုကြားတော့ ထိုင်းမှိုင်းနေတဲ့ သူ့စိတ်တွေ လန်းဆန်းလာတော့တယ်။ ကိုလူအေးနဲ့ မနန္ဒာရဲ့ကြားထဲကို အတင်းတိုးဝင်လိုက်တယ်။ ကိုလူအေးက မနန္ဒာကို တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားတော့ သူ့မှာဝင်လို့မရဘူးဖြစ်နေတယ်။ ဘေးနားကနေပဲ ကိုလူအေးနဲ့ မနန္ဒာကို မျှော်လင့်ချက်မျက်လုံးတွေနဲ့ စောင့်ကြည့်နေရတယ်။

“ကလေးယူတာပေါ့သဲရယ်”

ကိုလူအေးဆီက မင်္ဂလာစကားကိုကြားလိုက်တာနဲ့ သူခုန်ပေါက်ပြီး ပျော်မြူးနေမိတယ်။ ဖြစ်နိုင်ရင် လင်းထိန်နေတဲ့ မီးသီးလေးကိုတောင် အလင်းရောင် မရှိတော့အောင် သူလုပ်လိုက်ချင်မိတာ။

“ဒါပေမဲ့”

ကိုလူအေးဆီက မျှော်လင့်မထားတဲ့ ဒါပေမဲ့ဆိုတဲ့စကားကိုကြားလိုက်ရချိန်မှာ သူခုန်ပေါက်နေတာကို ရပ်လိုက်တယ်။ အပျော်တွေ အဝေးကိုလွင့်သွားသလို ရင်ခုန်သံက မြန်သည်ထက်မြန်လာတယ်။ ဘာဖြစ်လို့ပါလိမ့်ဆိုတဲ့ သံသယစိတ်နဲ့ ကိုလူအေးအနားတိုးကပ်သွားမိတယ်။ ကိုလူအေးဆီက နောက်ထပ်ထွက်ကျလာမဲ့စကားတွေကို သူကြားချင်နေမိတယ်။ မြန်မြန် ပြောပါတော့လို့ ကိုလူအေးကိုသူ လက်ကုတ်ပြီးပြောနေမိတယ်။

“မောင်တို့ ဘဝထဲရောက်လာမဲ့ မောင်တို့ရင်သွေးလေးကို မပင်ပန်းစေချင်ဘူး၊ မဆင်းရဲစေချင်ဘူး၊ ဒုက္ခမရောက်စေချင်ဘူး၊ ချမ်းချမ်းသာသာကြီးမဟုတ်တောင် ချောင်ချောင်လည်လည်နေနိုင်တဲ့ အချိန်ရောက်မှ ကလေးယူမယ်သဲ။ မောင် အလုပ်သွားတိုင်းတွေ့နေရတဲ့ မရှက်မကြောက်တောင်းရမ်းစားသောက်နေကြရတဲ့ လူမည်ကလေးတွေကိုမြင်ကတည်းက ဒီအတွေး မောင့်နှလုံးသားထဲရောက်လာခဲ့တာပဲ သဲ”

ကိုလူအေးက မနန္ဒာနဲ့ ခန္ဓာကိုယ်ချင်းအနည်းငယ်ခွာပြီး အဝေးကိုတွေတွေငေးငေးလေးကြည့်နေတယ်။ ကိုလူအေးရဲ့အမြင်အာရုံထဲမှာ ညစ်ပတ်ပေရေနေတဲ့ ကလေးတွေရှိနေမယ်ဆိုတာ သူသိနေတယ်။ သူ ကိုလူအေးကို ကြည့်နေမိတယ်။ လေးစားတဲ့မျက်လုံးတွေနဲ့ပါ။ မနန္ဒာကလဲ ကိုလူအေးရဲ့အဆိုကို မငြင်းဘဲအပြုံးနဲ့ ကြည့်နေတာကိုတွေ့ရတယ်။ မနန္ဒာလဲ ကိုလူအေးကိုသူလိုပဲလေးစားနေမယ်ဆိုတာ သူသိတယ်။ အဲဒီအချိန်ကစပြီး သူစောင့်ဆိုင်းနေရတဲ့ အချိန်ကာလတွေကို မမုန်းတော့ဘူး။ ကိုလူအေးနဲ့ မနန္ဒာတို့က သူ့ကို လူဖြစ်ခွင့်ပေးမဲ့အချိန်ကို ဘယ်လောက်ပဲစောင့်ရ စောင့်ရ ကျေကျေနပ်နပ်ကြီး စောင့်နေမယ်လို့ သူဆုံးဖြတ်ချက်ချလိုက်တယ်။

## လုံ့လစိုက်ထူ ဉာဏ်နှင့်ကူ

\- လုံ့လဆောင် အားမာန်တင်း
ပျင်းရိခြင်း ရှောင်ကြဉ်ပါ၊
အချိန်တွေကို တန်ဖိုးထား
နိုးကြားစဉ်သာ၊
သိဉာဏ်အလင်း ဖြန့်ကြက်ကာ
ရည်မှန်းရာ အရောက်သွား၊
လောကခံကြုံ မဖြုံစတမ်းကွဲ့
ကြိုးပမ်းလုပ်ရှား။

\- သတ္တိပြောင် ရဲစွမ်းအားနဲ့
ရိုးသားကြ ဘဝတွင်၊
ယုံကြည်ရာ အနာဂတ်
ဖြောင့်မတ်အစဉ်၊
ကိုယ့်တန်ဖိုး အမြဲမြှင့်တင်
ဇွဲနှင့်ယှဉ် လျှောက်လှမ်းမနေး၊
ပန်းတိုင်ဆီ ရည်မျှော်လျက်
ရှေ့ဆက်မယ်လေး။

\- ကောင်းရာကို ပြုကျင့်တွေးလို့
ဘဝအရေး လှစေအမှန်၊
ဖြူစင်ဖွယ် စာရိတ္တနဲ့
နိုးထရှင်သန်၊
ရည်မှန်းချက် ပြည့်စေရန်
သန္နိဋ္ဌာန် ချမှတ်ရင်း၊
အခက်ခဲတွေ ရင်ဆိုင်သွားကွယ်
ကျော်လွှားပါမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# အုတ်ဖိုမြို့နယ် ဂုံမင်းရှိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းရှိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဂုံမင်းရှိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၀ ကို ငွေကျပ် ၄၅ ဒသမ ၇၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၆ ဦးကို ငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# အားလပ်ရက်ကို အကျိုးရှိစေလို

မေတ္တာမိုးနှင်း(ပဲခူး)

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီရှိသည့်အနက် နွေရာသီသည် ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိတ်ရက်၊ အားလပ်ရက်ဖြစ်သောကြောင့် မိသားစုအများစုသည် အလှူအတန်းပြုလုပ်ခြင်း၊ ဘုရားဖူးထွက်ခြင်း၊ ကမ်းခြေသို့အပန်းဖြေလည်ပတ်ခြင်း၊ ဆွေမျိုးများရှိရာအရပ်သို့ အလည်အပတ်ခရီးထွက်ခြင်း စသည်တို့ကိုပြုလုပ်လေ့ရှိကြသည်။ မိသားစုဝင်အများစုတို့သည် မိမိတို့၏သားသမီးများ တစ်နှစ်တာပညာသင်နှစ်ပြီးဆုံးပြီဖြစ်၍ အားလပ်ရက်ကို လွတ်လပ်စွာ ပျော်ရွှင်စေသည်။

**ပျော်ရွှင်ဖွယ်အားလပ်ရက်**

အားလပ်ရက်ဟူသည် စိတ်အပန်းဖြေခြင်း၊ ဝါသနာအရ မိမိနှစ်သက်ရာကို မိမိကိုယ်တိုင်ဖန်တီးခွင့်ရှိခြင်း၊ မိမိ၏တာဝန်တချို့ကို ခဏရပ်နား၍ မိမိ၏စိတ်ဆန္ဒအတိုင်း လွတ်လပ်စွာ နေထိုင်နိုင်ခြင်းဟုပင် အဓိပ္ပာယ်သတ်မှတ်ရပေမည်။ အားလပ်ရက်ဟုဆိုလိုက်သည်နှင့် စိတ်ထဲလွတ်လပ်ပေါ့ပါးစွာ ခံစားကြရသည်မှာ အသက်အရွယ်မရွေး လူသားတိုင်းဖြစ်သည်။ သို့သော် ပေါ့ပါးသွားပြီဟုတွေးမိတိုင်း လဲလျောင်းနေရမည်မဟုတ်၊ ငိုက်မျဉ်းနေရမည်မဟုတ်၊ ဂိမ်းဆော့နေရမည်မဟုတ်၊ မည်သည့်အလုပ်ကိုမှ မပြုလုပ်တော့ဘဲ ပျင်းရိခြင်းဘက်သို့ အားပါသွားခြင်းမျိုးလည်း မဖြစ်သင့်ပေ။ အားလပ်ရက်၌ ပျော်ရွှင်ဖွယ်နေထိုင်ပြီး အကျိုးရှိစွာ အသုံးချရပေမည်။

စာရေးသူတို့ငယ်စဉ်က နွေရာသီအားလပ်ရက်တွင် အလွန်ပျော်ရွှင်သည်။ ခေတ်မီတိုးတက်မှုနှေးသည့်အချိန်ကာလဖြစ်သော်လည်း သတင်းစာ၊ ဂျာနယ်၊ ရုပ်ပြစာအုပ်များဖတ်ခြင်းတို့ပြုလုပ်ကြသည်။ စာဖတ်သည့်အခါ သုတရသများစွာရရှိ၍ စိတ်ပျော်ရွှင်မှုဖြစ်ရသည်။ နွေရာသီကျောင်းပိတ်ရက်သည် တပေါင်းလပွဲတော်၊ တန်ခူးလသင်္ကြန်ပွဲတော်နှင့် တိုက်ဆိုင်သည့်အတွက် မြန်မာ့အနုသုခုမပညာရပ်ဖြစ်သည့် မြန်မာ့ဇာတ်သဘင်ပွဲများ ကြည့်ရှုလေ့လာခွင့်ရကြသည်။ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးဖွယ်ရာရှုမြင်ကြရပြီး သုတရသပြည့်ဝသည့် ပြဇာတ်တို့သည် ဘဝ၏အနိမ့်အမြင့်သဘာဝကိုခံစားကြရကာ လောကဓံတရားကိုပင် နားလည်နိုင်စွမ်းရှိလာရသည်။

နွေရာသီအားလပ်ရက်များ၌ ဘုရားဖူးသွားခြင်း၊ ကမ်းခြေများသို့ အပန်းဖြေခရီးသွားခြင်းတို့ ပြုလုပ်ကြသည်။ ပျော်စရာကောင်းသည့်အချိန်ကာလပင်ဖြစ်သည်။ မရောက်ဖူးသောအရပ်ဒေသ၏ သဘာဝအလှများ၊ ဓလေ့ရိုးရာများကို လေ့လာခွင့်ရကြသည်။ အေးမြသည့် ဗုဒ္ဓအရိပ်ခိုလှုံရသည့်အတွက် စိတ်နှလုံးချမ်းမြေ့ကြရသည်။ အားလပ်ရက်အားလုံးကို အသုံးပြုခြင်းမဟုတ်ဘဲ စိတ်အပန်းပြေစေရန်အတွက် ရက်အနည်းငယ်မျှသာ အသုံးပြုကြခြင်းဖြစ်သည်။ ထိုရက်အနည်းငယ်သည်ပင်လျှင် မမေ့နိုင်သောစိတ်ခံစားမှုများဖြင့် ပျော်ရွှင်ကြရခြင်းဖြစ်သည်။

**အားလပ်ရက်၏တန်ဖိုး**

နွေရာသီအားလပ်ရက်သည် လူငယ်များအတွက် အလွန်ပင်တန်ဖိုးရှိသည်။ တစ်နှစ်တာကာလ စိတ်ပင်ပန်းသမျှကို ဖြေလျှော့ရသောအချိန်ကာလဖြစ်သည်။ တစ်နှစ်ပတ်လုံး ကျောင်းသား၊ ကျောင်းသူဟူသောတာဝန်ဖြင့် ကြိုးစားခဲ့ကြရပြီး အနားယူရသောကာလလည်းဖြစ်သည်။ စာမေးပွဲများဖြေဆိုပြီး၍ စိတ်လည်းပေါ့ပါးနေကြသည့်အချိန်တွင် မိမိတို့၏တစ်ကိုယ်ရေတာဝန်များကို ကိုယ်တိုင်ဆောင်ရွက်ပါက မိဘတို့ကိုကူညီရာရောက်သောကြောင့် အလွန်ပင်တန်ဖိုးရှိသောကာလဖြစ်သည်။

မိဘကျေးဇူးဟူသည်ကား အထူးတလည်ဆပ်ရန်ရှာဖွေကြံဆနေကြရခြင်း မဟုတ်ချေ။ မိသားစုအတွင်းတွင် မိမိနိုင်ရာတာဝန်ကိုကူညီပေးခြင်းသည် ကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။ နွေရာသီအားလပ်ရက်ရောက်တိုင်း အမိ၊ အဖကို ကူညီဆောင်ရွက်ပေးရခြင်းသည် အလွန်ပင်ပျော်စရာကောင်း၍ တန်ဖိုးရှိသောအချိန်ကာလဖြစ်သည်ကို လူငယ်လူရွယ်များ နားလည်သဘောပေါက်ကြရပေမည်။

❖ အားလပ်ရက်ဟူသည် ဖြုန်းတီးပစ်ရသောအရာမဟုတ်ပေ။ အချိန်၏တန်ဖိုးသည် သတ်မှတ်၍မရအောင်ပင် တန်ဖိုးကြီးမားသည်။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသော စကားအတိုင်း အချိန်ဟူသည် သွားမြဲသွား၍၊ ကုန်မြဲကုန်နေသည်သာဖြစ်သည်။ ကုန်ဆုံးသွားသော အချိန်များကို မည်သည့်အရာနှင့်မျှ လဲလှယ်၍ ပြန်လည်ရယူနိုင်သည် မဟုတ်ပေ။ အချိန်လွန်မှ နောင်တရခြင်းထက် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်လိုအပ်သည်။ လူသားတို့၏ဦးနှောက်သည် နာရီလက်တံကဲ့သို့ပင် အချိန်နှင့်အမျှ အလုပ်လုပ်နေသည်။ လူသည် အိပ်နေသော်လည်း ဦးနှောက်သည် အိပ်နေခြင်းမဟုတ် အသက်ရှင်နေသရွေ့ အလုပ်လုပ်နေသည်။ ထိုသို့ဆိုလျှင် လူသားတို့သည် ဦးနှောက်ကိုအသုံးမပြုဘဲထားပါက ဦးနှောက်၏တုံ့ပြန်မှုသည် လေးလံထိုင်းမှိုင်းလာပေလိမ့်မည်။ ❖

**အကျိုးရှိစွာအသုံးချပါ**

အားလပ်ရက်ဟူသည် ဖြုန်းတီးပစ်ရသောအရာမဟုတ်ပေ။ အချိန်၏တန်ဖိုးသည် သတ်မှတ်၍မရအောင်ပင် တန်ဖိုးကြီးမားသည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသော စကားအတိုင်း အချိန်ဟူသည် သွားမြဲသွား၍၊ ကုန်မြဲကုန်နေသည်သာဖြစ်သည်။ ကုန်ဆုံးသွားသောအချိန်များကို မည်သည့်အရာနှင့်မျှ လဲလှယ်၍ ပြန်လည်ရယူနိုင်သည်မဟုတ်ပေ။ အချိန်လွန်မှ နောင်တရခြင်းထက် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်လိုအပ်သည်။ လူသားတို့၏ဦးနှောက်သည် နာရီလက်တံကဲ့သို့ပင် အချိန်နှင့်အမျှ အလုပ်လုပ်နေသည်။ လူသည် အိပ်နေသော်လည်း ဦးနှောက်သည် အိပ်နေခြင်းမဟုတ် အသက်ရှင်နေသရွေ့ အလုပ်လုပ်နေသည်။ ထိုသို့ဆိုလျှင် လူသားတို့သည် ဦးနှောက်ကို အသုံးမပြုဘဲထားပါက ဦးနှောက်၏တုံ့ပြန်မှုသည် လေးလံထိုင်းမှိုင်းလာပေလိမ့်မည်။ လေးလံထိုင်းမှိုင်းမှုလျော့ပါးစေရန်အတွက် ဦးနှောက်ကို အလုပ်ပေးမှုပြုလုပ်ကြရမည်။

စာရေးသူတို့ငယ်စဉ်က နွေရာသီသင်တန်းဟူ၍ များပြားစွာမရှိခဲ့ချေ။ စာအုပ်စာပေဖတ်ရှုလေ့လာလိုလျှင်လည်း စာအုပ်အငှားဆိုင်သို့ ငွေကြေးပေး၍ ငှားယူဖတ်ကြရသည်။ သတင်းအချက်အလက်များသိလိုလျှင် ရေဒီယိုနားထောင်ရသည်။ TV ဟူသည်ကိုပင် အိမ်တိုင်းမရှိ၊ လူတိုင်းလည်း မဝယ်နိုင်ခဲ့ကြပေ။ ယခုမူကား စာအုပ်စာပေဖတ်လိုလျှင် စာကြည့်တိုက်အများ ရပ်ကွက်၊ မြို့နယ်တိုင်းတွင် ဖွင့်လှစ်ထားပြီးဖြစ်သည်။ မိမိလိုအပ်သော၊ မိမိဝါသနာနှင့်ကိုက်ညီသောစာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်ပြီဖြစ်သည်။ သတင်းအချက်အလက်များ သိလိုလျှင်လည်း TV သို့မဟုတ် လက်ကိုင်ဖုန်းများတွင် အင်တာနက်အွန်လိုင်းများမှတစ်ဆင့် လွယ်ကူစွာလေ့လာနိုင်ပြီဖြစ်သည်။ မိမိ၏အားလပ်ချိန်အားလုံးကို ဖြုန်းတီးလိုက်ရခြင်းမဟုတ်သလို အချိန်ဖြုန်းခြင်းလည်း မဟုတ်ပေ။ မိမိအဆင်ပြေသည့်အချိန်အတိုင်းအတာတချို့ကိုသာ အကျိုးရှိစွာ အသုံးချလိုက်ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ကြရမည်။

ယခုခေတ်သည် နည်းပညာများ လျင်မြန်စွာတိုးတက်လာသကဲ့သို့ အသုံးချနည်းပညာဘာသာရပ်များလည်း အလွန်များပြားပေသည်။ ခေတ်နှင့်အညီ အမီလိုက်နိုင်ရန်အတွက် မိမိကိုယ်တိုင်လည်း ခေတ်မီနည်းပညာများကို အချိန်အားသရွေ့ လေ့လာဆည်းပူးထားရန်လည်းလိုအပ်သည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် မိမိအတွက် အကျိုးရှိသောသင်တန်းများကိုတက်ရောက်ထားကြရန်လိုအပ်သည်။

သင်တန်းများတက်ရန် ငွေကြေးကုန်ကျမှုမရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၏ညွှန်ကြားမှုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်များအတွက် ကရာတေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ပန်းချီ၊ အိမ်တွင်းလက်မှုသင်တန်းများအပြင် စာဖတ်စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကိုလည်း အချိန်ပိုင်းနှင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်အခြေပြုနည်းပညာဆိုင်ရာ ရွေ့လျားသင်တန်းများကို အခြေခံပညာကျောင်းများနှင့်ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အချိန်အနည်းငယ်ဖြင့် အားလပ်ရက်ကို အကျိုးရှိစွာအသုံးချပြီး မိမိဝါသနာနှင့်ကိုက်ညီသည့်သင်တန်းများ တက်ရောက်ထားသင့်ပေသည်။

အချို့သောလူငယ်များသည် အားလပ်ရက်၌ အိမ်တွင်သာအချိန်ဖြုန်းချင်ကြသည်။ ရိုးရိုးအချိန်ဖြုန်းခြင်းမဟုတ်ဘဲ ဖုန်းတစ်လုံးနှင့်ဂိမ်းဆော့ခြင်း၊ TikTok ဆော့ခြင်းတို့ဖြင့် အချိန်ကုန်လွန်စေသည်။ ထိုသို့ပြုလုပ်ခြင်းသည် လူငယ်များအတွက်အကျိုးဆုတ်ယုတ်စေရုံသာမက ကျန်းမာရေးကိုလည်းထိခိုက်စေနိုင်သည်။ မိမိအိမ်မှမခွာဘဲ အချိန်ကိုအကျိုးရှိစွာ အသုံးချရန် အွန်လိုင်းမှတစ်ဆင့်လည်း သင်တန်းများကိုလေ့လာသင်ယူကြရမည်။ လက်ကိုင်ဖုန်းကို စိတ်အပန်းဖြေ အပျော်သဘောသုံးချိန်တွင်သုံး၍ နည်းပညာကိုအသုံးချပြီး သတင်းအချက်အလက်လေ့လာခြင်း၊ စာအုပ်စာပေဖတ်ရှုခြင်းများလည်း ပြုလုပ်နိုင်သည်။

မည်သို့ပင်ဆိုစေကာမူ နွေရာသီအားလပ်ရက်တွင် နည်းပညာတစ်ခုခုကို အချိန်အနည်းငယ်ပေး၍ လေ့လာခြင်းသည် လူငယ်များအတွက် ခေတ်နှင့်ရင်ပေါင်တန်းနိုင်ရန် ခွန်အားတစ်ခုရရှိနိုင်မည်ဖြစ်ပေသည်။

**ခေတ်မီသောဦးဆောင်သူများဖြစ်စေရန်**

ခေတ်တစ်ခေတ်ကို ဦးဆောင်သူများသည် လူငယ်များပင်ဖြစ်သည်။ ခေတ်တစ်ခေတ်တွင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်များတွင် များစွာတာဝန်ရှိသည်။ နောင်တစ်ချိန်တွင် နိုင်ငံတော်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများဖြစ်သည့်အလျောက် ခေတ်နှင့်ယှဉ်ပြိုင်စီးမျောနိုင်ရန် ခေတ်မီနည်းပညာများကို ကျွမ်းကျင်ကြရမည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်အဘက်ဘက်တွင်အများဆုံးဝင်ဆံ့နိုင်ရန်အတွက် အချိန်အားသရွေ့ လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ အတတ်ပညာ၊အသိပညာ ဗဟုသုတများကိုသိမှီးခြင်းမရှိပါဘဲ နေသာသလို ပျော်မွေ့နေပါက ခေတ်နောက်ကျသူသာဖြစ်နေပေလိမ့်မည်။ လူငယ်များအနေဖြင့် ခေတ်မီနည်းပညာ တတ်မြောက်မှုအားကောင်းမှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို အလျင်အမြန် တည်ဆောက်နိုင်မည်ဖြစ်သည်။

လူတစ်ဦးသည် အားလပ်ချိန်ဟူ၍ မည်သည့်အရာမှမပြုလုပ်ဘဲနေလျှင် ဘဝတွင်လည်း မည်သို့သောအကျိုးရလဒ်မျိုးမှမရနိုင်ချေ။ အကျိုးမဲ့သောနေထိုင်ခြင်းသည် ဆုတ်ယုတ်ခြင်းသို့သာဦးတည်သည်။ မည်သည့်အရာမျှ မပြုလုပ်ဘဲနေထိုင်မှုများလျှင် ပျင်းရိခြင်းရောဂါစွဲကပ်လာပေသည်။ ဉာဏ်ရည်လေးလံထိုင်းမှိုင်း၍ လူပျင်းဘဝမှလူဖျင်းအဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။

နည်းပညာဟူသည်ကလည်း သိရုံ၊ နားလည်ရုံ၊ အသုံးပြုတတ်ရုံနှင့် မလုံလောက်ပေ။ အသုံးချနည်းပညာများဖြစ်သည့်အတွက် တန်ဖိုးရှိစွာ အသုံးပြုတတ်ရပေမည်။ သို့မှသာ နည်းပညာကို ကျွမ်းကျင်တတ်မြောက်၍ ခေတ်ကို အမီလိုက်နိုင်သော ခေတ်မီသည့် ဦးဆောင်သူများဖြစ်ပေလိမ့်မည်။

မည်သည့်နည်းပညာ၊ အတတ်ပညာ၊ ဗဟုသုတမဆို အွန်လိုင်းဖြင့်လည်းကောင်း၊ နည်းပညာကျွမ်းကျင်မှုဖြင့်လည်းကောင်း အလွယ်တကူရှာဖွေသင်ယူနိုင်သည့်ခေတ်ကာလတွင် အချိန်ဖြုန်းတီးနေမည်ဆိုပါက ခေတ်နောက်ကျသူများအဖြစ် ရပ်တည်ကြရပေလိမ့်မည်။ ထို့ကြောင့် ခေတ်မီသောအနာဂတ်ကိုဦးဆောင်သူများဖြစ်ရန် အချိန်ရှိခိုက်လုံ့လစိုက်၍ အားလပ်ချိန်များကို အကျိုးရှိစွာအသုံးပြုနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပေသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၈၇၄ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၈၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိနွေစပါး ၇၈၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ နွေစပါး ၇၆၀၇ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စတဲ့နှီးနွှယ်ဌာနတွေက ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်။ နွေစပါးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနှစ်နွေစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင် စပါးတွေအထွက်နှုန်းကောင်း အရည်အသွေးကောင်း စပါးတွေထွက်ရှိစေဖို့လဲ လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေစပါးများ လျာထားချက်ပြည့်မီစေရန် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှမြေဆီလွှာပြုပြင်သည့်လုပ်ငန်းများကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်ရေထွက်ပေါက်များ ရှာဖွေခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန်နည်းပညာများ ပို့ချပေးခြင်းစသည့်လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မိုင်းဆတ်မြို့နယ် ကာနကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်နင်ကျေးရွာအုပ်စု ကာနကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကာနကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် ခန်းမဆောင်ခြစည်းရိုးကာရံခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကာနကျေးရွာတွင် အလျား ၃၆ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမနှင့် အရှည် ပေ ၄၀၀၊ အမြင့် ၆ပေရှိ ခန်းမဆောင်ခြစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းအသုံးပြု၍ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ရိုင်**

ခရီးသွားဆောင်းပါး

# ရွှေ့ဆက်ခရီးတောင်တွင်းကြီး ဗိဿနိုးအနီး

သက်နိုင်(မြင်ဦးလွင်)

မင်းဘူး၊ ရွှေစက်တော်မှာရှိတဲ့ သံယာတော်တွေကို ဆွမ်းလောင်းကပ်လှူဖို့ရည်ရွယ်ချက်နဲ့ ထွက်ခွာလာကြတဲ့ မိမိတို့မောင်နှမတစ်တွေ ရွှေစက်တော်ကနေတစ်ဆင့် စန္ဒကူးနံ့သာကျောင်းတော်ရာကို ရောက်ရှိနေကြပါပြီ။ ကျောင်းတော်ရာက ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာမြို့သစ်မှာတည်ရှိနေတယ်။ တပို့တွဲလပြည့်အပြီး မင်းဘူး၊ စကု၊ ပွင့်ဖြူမြို့တွေရဲ့ နေအပူဒဏ် ပြင်းထန်စပြုနေပြီဖြစ်လို့ စေတီတော်ကြီးကို မြန်မြန်ဖူး၊ စန္ဒကူးစိုက်ခင်းကိုမြန်မြန်ကြည့်၊ လှေ့လာစရာရှိတဲ့နေရာတွေကို မြန်မြန်လှေ့လာခဲ့ကြပြီး ပြန်ထွက်လာခဲ့ကြတယ်။ နောက်ထပ်အကြောင်းတစ်ခုကလဲ မင်းဘူးမြို့မှာရှိတဲ့ နယ်ခံမိတ်ဆွေက နေ့လယ်စာ ထမင်းစားသောက်ကြဖို့အတွက် ချက်ပြုတ်ပြင်ဆင်ပြီးပြီ လာရောက်စားသောက်ကြဖို့ ဖုန်းဆက်အကြောင်းကြား ခေါ်ယူနေပြီဖြစ်တာကြောင့် မြန်မြန်လှုပ်ရှားသွားလာကြရင်းနဲ့ ရောက်တုန်းရောက်ခိုက် ရှင်ပင်စက္ကိန်တဲဘုရားနဲ့ နဂါးပွက်တောင်ကို ဝင်ပါရစေ။ ပြီးမှ ထမင်းစားသောက်ကြဖို့ ပြန်လည်တောင်းပန်ပြောဆိုနေရတယ်။

မန်းရွှေစက်တော်ရာပြီးရင် ရှင်ပင်စက္ကိန်တဲဘုရားနဲ့ နဂါးပွက်တောင်တွေကလဲ မင်းဘူးမြို့နဲ့ခွဲခြားမရပါဘူး။ ဒါကြောင့် ကျောင်းတော်ရာကနေပြန်လာတာနဲ့ မင်းဘူးမြို့လယ်မှာရှိနေတဲ့ ရှင်ပင်စက္ကိန်တဲဘုရားကို မြန်မြန်သွက်သွက် ဖူးမြော်ကြရပြန်တယ်။ ရှင်ပင်စက္ကိန်တဲဘုရားသမိုင်းစာအုပ်အရ မဟာပုဏ္ဏကုန်သည်ဟာ မဇ္ဈိမဒေသကို ကုန်ရောင်းကုန်ဝယ်သွားရင်း ရဟန်းဝတ်နေခဲ့ရာကနေ မြတ်စွာဘုရားရှင်ထံခွင့်ပန်ပြီး သုနာပရန္တကိုပြန်ကြွလာခဲ့တယ်။ မဟာပုဏ္ဏက သုနာပရန္တမှာ ဝါတော်လေးဝါအရ ရဟန္တာအဖြစ်ကို ရောက်ရှိလာခဲ့တယ်။ ညီတော်စူဠပုဏ္ဏဦးစီးတဲ့ကုန်သည်တွေက မာလာယုဒေသကနေ စန္ဒကူးသစ်တွေသယ်ဆောင်လာပြီး ကျောင်းတော်ကြီးဆောက်လုပ်ပြီးစီးတဲ့အခါမှာလဲ မဟာပုဏ္ဏက မြတ်စွာဘုရားကို လျှောက်ထားပင့်ဖိတ်ခဲ့တယ်။

မြတ်စွာဘုရားက စန္ဒကူးကျောင်းတော်ကနေ ပြန်လည်ကြွရောက်လာတဲ့အချိန်မှာ ရှေးနောင်တော်ဘုရားတွေ ကိန်းဝပ်စံပယ်တော်မူခဲ့ဖူးတဲ့ စက္ကိန်တဲတောင်ကို ဆင်းသက်ခဲ့တယ်။ အဲဒီနေရာမှာ သိကြားမင်းက ရှင်ပင်စက္ကိန်တဲဘုရားကို တည်ခဲ့တယ်လို့ဆိုတယ်။ စေတီတော်ကြီးကို ခေတ်အဆက်ဆက်မွမ်းမံပြင်ဆင်လာခဲ့ကြတာ အခုအချိန်မှာ ဉာဏ်တော် ၄၈ ပေ၊ လုံးပတ် ၄၉ ပေရှိနေပါပြီ။ စေတီတော်ကြီးက မင်းဘူးမြို့မှာ မသိသူမရှိသလောက် ထင်ရှားကျော်ကြားနေပေမဲ့ ဘုရားဖူးညီ့သည်တွေလာရောက်ကြတာ နည်းပါးနေတယ်။ ရှင်ပင်စက္ကိန်တဲကအပြန်မှာ လမ်းတစ်ဆက်တည်းဖြစ်တဲ့ နဂါးပွက်တောင်ကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အရင်တုန်းကအခြေအနေအရ နဂါးပွက်တောင်က မင်းဘူးမြို့ရဲ့တောင်ဘက် မိုင်ဝက်အကွာမှာရှိနေတယ်လို့ဆိုထားပေမဲ့ အခုလို လူနေထူထပ်ပြီး အိမ်ခြေတွေများပြားလာတဲ့အချိန်မှာ မင်းဘူးမြို့အတွင်းဖြစ်နေပါပြီ။ ဘူမိဗေဒပညာရှင်တွေက ရွှံ့မီးတောင်လို့ခေါ် ဆိုကြတယ်။ နဂါးပွက်တောင်ကို မြင်တွေ့နေရတဲ့အနေအထားက ရွှံ့တွေတစ်ခုပြီးတစ်ခု၊ တစ်လုံးပြီးတစ်လုံး ပွက်နေတာပါ။ ရွှံ့တွေပွက်နေတဲ့ နေရာက အမြင့်ပေ ၃၀၊ ထိပ်ဝ ရှစ်ပေနဲ့ နှစ်ပေလောက်ရှိတဲ့ ချိုင့်ထဲကနေပွက်နေတယ်။ ပေ ၃၀ လောက်မြင့်တဲ့ ရွှံ့တောင်ကြီးပေါ်ကို အုတ်လှေကားတွေအတိုင်း တက်ရောက်ပြီးရင် အဆက်မပြတ်နီးပါးပွက်နေတဲ့ရွှံ့တွေကို မြင်တွေ့ကြရတယ်။ နဂါးပွက်တောင်ရဲ့ ထူးခြားချက်အဖြစ် ဘူမိဗေဒပညာရှင်တွေက ရွှံ့မီးတောင်လို့ပြောဆိုကြပေမဲ့ ထွက်ရှိလာတဲ့ ရွှံ့တွေက ပူလောင်တာမရှိဘဲ အေးမြနေသလို နှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်နေတဲ့ထိ ရပ်တန့်သွားတာ၊ နည်းပါးသွားတာ၊ များပြားလာတာမရှိဘဲ ပုံမှန်ထွက်ရှိနေတာပါ။

နဂါးပွက်တောင်ကိုရောက်တိုင်း ကြိုက်နှစ်သက်တာတစ်ခုက ဒေသထွက်မုန့်မျိုးစုံ ရောင်းချနေတဲ့ ဈေးဆိုင်တွေက တည်ခင်းညှော်ခံကျွေးမွေးတဲ့ ပဲကြော်၊ ပဲလှော်အမျိုးမျိုး၊ ယိုစုံအမျိုးမျိုးတွေကို စားသောက်မြည်းစမ်းခွင့်ရကြတယ်။ သူတို့ဆိုင်တွေကနေဝယ်ဝယ်၊ မဝယ်ဝယ် ကျွေးမွေးကြတာပါ။ ဒီတစ်ခေါက်တော့ မောင်နှမတစ်တွေကြံရည်၊ သံပရာရည် မှာယူသောက်ကြရင်း၊ မိမိတို့ကြိုက်နှစ်သက်တဲ့ ကောင်းနိုးရာရာတွေကို မြည်းစမ်းစားသောက်ကြရင်း ချပေးထားတဲ့ပန်းကန်ထဲက မုန့်မျိုးစုံတွေ ကုန်သွားခဲ့တော့တယ်။ ကျသင့်ငွေရှင်းမယ်ဆိုတော့ မုန့်ဖိုးကိုမယူဘဲ ကြံရည်၊ သံပရာရည်ဖိုးကိုသာ ယူထားလိုက်ကြတယ်။ ဒါကြောင့် ဆိုင်ရှင်ကို အားနာသွားပြီး အိမ်ပြန်လက်ဆောင်အဖြစ် မုန့်တွေကို ထပ်မံဝယ်ယူကြတဲ့အခါ ကြံရည်ဖိုးနဲ့သံပရာရည်ဖိုးကိုမယူတော့ဘဲ မေတ္တာလက်ဆောင်အဖြစ် သတ်မှတ်လိုက်ကြတယ်။ ဒါ့ပြင် ကားထွက်ခါနီးအချိန်မှာ ကားမောင်းသူမိမိအတွက်ဆိုပြီး မုန့်ထုပ်တွေကို လက်ဆောင်အဖြစ် လာပေးလိုက်ကြသေးတယ်။ ဒီလိုအကြောင်းအရာတွေက စီးပွားရေးအရလို့ပဲပြောပြော၊ ဈေးကွက်အခြေအနေအရလို့ပဲဆိုဆို မြန်မာလူမျိုးတွေရဲ့ လှူဒါန်းပေးကမ်းကျွေးမွေးလိုကြတဲ့ ပင်ကိုစိတ်ရင်းအပိုင်းအစလေးတွေကို ကြည့်တတ်မြင်တတ်မယ်ဆိုရင် တွေ့ရှိကြရမှာဖြစ်ပါတယ်။ နဂါးပွက်တောင်မှာ ဈေးမဝယ်ကြဘဲ မုန့်တွေသာ စားသွားကြတယ်ဆိုပြီး ပြောကြတာမရှိဘူး။ ဒီတစ်ခေါက်မဝယ်ရင် နောက်တစ်ခေါက်ဝယ်ပါနော်ဆိုပြီး ပြောဆိုနှုတ်ဆက်ကြလေ့ရှိတာကို တွေ့ရတယ်။




နဂါးပွက်တောင်ကနေ ပြန်လာခဲ့ကြပြီး နေ့လယ်စာထမင်းစားဖို့ ချက်ပြုတ်ပြင်ဆင်ထားတယ်ဆိုတဲ့ မိတ်ဆွေအိမ်ရှိရာကို သွားရောက်ကြရတယ်။ အချိန်က မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။ မိတ်ဆွေရဲ့ အိမ်ကိုရောက်တော့ အသင့်ပြင်ဆင်ထားတဲ့ ထမင်းဝိုင်းကြီးနဲ့ကြိုဆိုနေတယ်။ ဗိုက်အလွန်ဆာလောင်နေကြတာလဲမဟုတ်၊ မဆာသေး၊ မစားမသောက်ချင်တာလဲမဟုတ်တဲ့အချိန်မှာ တည်ခင်းညှော်ခံကျွေးမွေးတဲ့ ဟင်းကောင်းတွေနဲ့ စားလို့သောက်လို့မြိန်ခဲ့ရတယ်။

ခရီးတွေထွက်ခွာသွားလာကြတဲ့အခါ မူလစီစဉ်ရည်ရွယ်သတ်မှတ်ထားတဲ့ နေရာဒေသတွေကို မလွဲမသွေဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိကြသလို တစ်ခါတစ်ရံမှာလဲ အကြောင်းအမျိုးမျိုးကြောင့် သွေဖည်လွဲချော်သွားလေ့ရှိနေကြတယ်။ အခုမိမိတို့ရဲ့ မူလခရီးအစီအစဉ်က မောင်နှမတစ်တွေ မရောက်တာကြာပြီဖြစ်တဲ့ ပုဂံ-ညောင်ဦး ကနေလှည့်ပြီး အိမ်ပြန်ကြဖို့ပါ။ ပုဂံဘုရားတွေကိုလဲဖူးမြော်ရ၊ ခရီးလဲနီးတယ်ဆိုပြီး စဉ်းစားစီစဉ်ခဲ့ကြတယ်။ ဒါပေမဲ့ အစ်မကြီးဖြစ်တဲ့သူကသား၊ ချွေးမနဲ့မြေးတို့ရှိတဲ့ ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဆားမလောက်မြို့ကို ခရီးထွက်ခွာလာကြတုန်း၊ ကျောင်းပိတ်ရက်ဖြစ်နေတုန်း သွားချင်၊ ရောက်ချင်တယ်ဆိုတာနဲ့ ခရီးစဉ်အသစ်တစ်ခုကို ထပ်မံရေးဆွဲကြရတော့တယ်။

ဒီလိုရေးဆွဲကြတဲ့အခါ မင်းဘူး- မကွေး- တောင်တွင်းကြီးမြို့တွေကနေတစ်ဆင့် နေပြည်တော်ကိုသွားရောက်ကြပြီး နေပြည်တော်ကနေ ရန်ကုန်- မအူပင်- ဆားမလောက်ကိုသွားကြဖို့ ရွေးချယ်ဆုံးဖြတ်လိုက်ကြတယ်။ ဒီလမ်းကြောင်းက တောင်တွင်းကြီးမြို့အနီးမှာရှိတဲ့ ဗိဿနိုးမြို့ဟောင်းနဲ့ နေပြည်တော်မှာရှိနေတဲ့ မာရဝိဇယဘုရားကို ဝင်ရောက်လေ့လာဖူးမြော်နိုင်ကြသလို လမ်းခရီးတစ်လျှောက်လုံးမှာလဲ လုံခြုံစိတ်ချရတယ်။ ခရီးစဉ်လမ်းကြောင်းတွေကို ရွေးချယ်စီစဉ်ပြီး မင်းဘူးမြို့ကထွက်လာကြတော့ မွန်းလွဲ ၁ နာရီကျော် ၂ နာရီလောက်ရှိနေပါပြီ။ မင်းဘူးမြို့ကနေ တောင်တွင်းကြီးမြို့ရောက်တဲ့ထိ ၅၆ မိုင်ကွာဝေးမောင်းနှင်ရမယ်ဆိုတာ သိထားလိုက်ရတယ်။

မင်းဘူးမြို့ကနေ ရောဝတီမြစ်ကူးတံတားကြီးကို ဖြတ်ကျော်ပြီး မကွေးမြို့ရောက်၊ မကွေးမြို့ကနေ တောင်တွင်းကြီးကားလမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့တာ လမ်းတစ်လျှောက် ရွာစဉ်ရွာတန်းတွေများပြားတဲ့အပြင် အလွန်ကျယ်ဝန်းတဲ့ ဖရဲသီးစိုက်ခင်းကြီးတွေကိုလဲ မြင်တွေ့နေရတယ်။ ဖရဲသီးစိုက်ခင်းတွေမှာ အရွက်လုံးဝမရှိတော့ဘဲ တစ်ခင်းလုံးဖရဲသီးတွေဖြစ်နေတာကြောင့် ရုတ်တရက်ဘာတွေလဲဆိုပြီး ဇဝေဇဝါဖြစ်သွားခဲ့ရတယ်။ နောက်မှ ဖရဲသီးတွေမှန်းသိသွားခဲ့ရသလို လမ်းဘေးမှာရှိနေတဲ့ ဖရဲသီးပုံကြီးတွေ၊ တင်ယူသယ်ဆောင်နေတဲ့ကားကြီးတွေကိုလဲ တွေ့မြင်လာရတယ်။ မကွေး- တောင်တွင်းကြီးလမ်းက အကွေ့အကောက်၊ အတက်အဆင်းနည်းပါးတဲ့အပြင် လမ်းကောင်းပြီး ကျယ်ဝန်းတာကြောင့် ကားကိုလိုသလောက်အရှိန်မြှင့်တင်ပြီး မောင်းနှင်နိုင်နေတယ်။

ဒီလိုမောင်းနှင်လာရင်းနဲ့ လမ်းရဲ့ဘယ်ဘက်မှာ ပထမံဘိုးဘိုးအောင်၏ မွေးရပ်အောင်မြေ လက်ပံရှည်သို့ ၂ မိုင်၊ နှစ်စဉ်မွေးနေ့ပူဇော်ပွဲရှိသည်ဆိုတဲ့ စာသားတွေနဲ့အတူ ၁၁၀၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ၁၇၄၃ ခုနှစ်၊ တနင်္ဂနွေနေ့ မွေးဖွားခဲ့သည်လို့လဲ ရေးသားဖော်ပြထားတာကြောင့် ငယ်စဉ်ကတည်းက သီချင်းတွေထဲမှာ၊ စာအုပ်စာပေတွေထဲမှာ၊ လူကြီးသူမတွေ ပြောကြားခဲ့တဲ့အထဲမှာ ကြားဖူးကျွမ်းဝင်နေတဲ့ ပထမံဘိုးဘိုးအောင်ဆိုတာ တောင်တွင်းကြီးနယ် လက်ပံရှည်ဇာတိဖြစ်ကြောင်းနဲ့ မွေးဖွားခဲ့တဲ့နှစ်ကစပြီး အခုအချိန်ထိ ၂၈၁ နှစ်ရှိသွားပြီဖြစ်ကြောင်း သိရှိလိုက်ရတယ်။ ငယ်ရွယ်စဉ်ကလေးဘဝတုန်းကတော့ ထင်မှတ်မထားတဲ့နေရာတွေမှာ ထင်မှတ်မထားတဲ့ "ဝ"လုံးလေးတွေကိုတွေ့တိုင်း ဘိုးဘိုးအောင်ကြွလာတယ်ဆိုပြီး ပြောဆိုအော်ဟစ်ဝမ်းသာပျော်ရွှင်ခဲ့ဖူးတယ်။

ဘိုးဘိုးအောင်ဆိုင်းဘုတ်ကို ကျော်လွန်လာပြီး မကြာခင်မှာ တောင်တွင်းကြီးဆိုပြီး မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ ရေးထိုးထားတဲ့ တောင်တွင်းကြီးမြို့အဝင်ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ရတယ်။ မြို့ဝင်ဆိုင်းဘုတ်က ထူးထူးခြားခြားရှင်းရှင်းလင်းလင်း သပ်သပ်ရပ်ရပ်နဲ့ စကျင်ကျောက်ပြားကြီးတစ်ချပ်ပေါ်မှာ ရေးသားထားတာပါ။ အခြားမြို့ရွာတွေမှာလို အင်္ဂတေတွေ၊ ကနုတ်ပန်းခက်တွေ၊ ဆေးရောင်တွေ၊ ကြိုဆိုပါတယ်၊ နှုတ်ဆက်ပါတယ်တွေမပါဘဲ ရိုးရှင်းနေတယ်။ ဒါပေမဲ့ အဖြူရောင်စကျင်ကျောက်ပြားကြီးကို အုတ်ခုံတွေ၊ လှေကားထစ်တွေ၊ စတီးတန်းအကာအရံတွေနဲ့ သေသေချာချာမွမ်းမံထားတယ်။ မြို့အဝင်ဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ယူအပြီး တောင်တွင်းကြီးမြို့တွင်းကိုရောက်ရှိလာချိန်မှာ ဗိဿနိုးမြို့ဟောင်းကို ဘယ်လိုသွားရမလဲဆိုပြီး မေးမြန်းစုံစမ်းတော့မှ ဗိဿနိုးကကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း သိလိုက်ရတယ်။ ကားပေါ်မှာရှိနေကြတဲ့ မောင်နှမတွေ၊ တူလေးတွေကလဲ ဟုတ်တယ်၊ ကျော်ခဲ့ပြီ၊ လမ်းမှာဆိုင်းဘုတ်ကြီးကို တွေ့ခဲ့တယ်ဆိုပြီး ပြောကုန်ကြတော့တယ်။

ဗိဿနိုးမြို့ဟောင်းက တောင်တွင်းကြီးမြို့ရဲ့ အနောက်ဘက် ၁၂ မိုင်အကွာ မကွေး-တောင်တွင်းကြီးလမ်းဘေးမှာ တည်ရှိနေတာပါ။ မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားတဲ့ ပျူမြို့ဟောင်းတွေအဖြစ် ပြည်မြို့အနီးက သရေခေတ္တရာ၊ ဝက်လက်မြို့အနီးက ဟန်လင်းမြို့တွေအပြင် ကြေးခေတ်ယဉ်ကျေးမှုနယ်မြေအဖြစ် လူသိများတဲ့ ဘုတလင်မြို့နယ်ထဲက ညောင်ကန်ရွာထိ ရောက်ရှိလေ့လာဖူးပြီး မရောက်ဖူးသေးတဲ့ ဗိဿနိုးမြို့ဟောင်းကို သွားရောက်လေ့လာမယ်ဆိုခါမှ ကားမောင်းနေရင်းသတိမထားမိဘဲ ကျော်လွန်လာခဲ့ရတော့တယ်။ ခရီးစဉ်က နေပြည်တော်ထိလဲ ဆက်လက်သွားရောက်ရအုံးမယ်။ ဗိဿနိုးကိုသွားမယ်ဆိုရင် နောက်ပြန်လှည့်ပြီး မောင်းနှင်ကြရအုံးမှာကြောင့် ဗိဿနိုးမသွားကြတော့ဘဲ ရှေ့ခရီးကိုဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ပေလေးပင်၊ ရှင်လေးပါးအဖြစ် ထင်ရှားကျော်ကြားခဲ့ကြတဲ့ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညို၊ ရှင်ခေမာတို့ရဲ့ မွေးရပ်မြေဇာတိ တောင်တွင်းကြီးမြို့က အတော်အတန်စည်ကားတာကိုလဲ တွေ့မြင်နေရတယ်။ ရှေးဟောင်းမြို့ကြီးတစ်မြို့လဲဖြစ်နေတာကြောင့် လမ်းဘေးဝဲ၊ယာတစ်လျှောက်မှာ သက်တမ်းရင့်ရင့်၊ အရိပ်ကောင်းကောင်း သစ်ပင်ကြီးတွေလဲ ရှိနေကြတယ်။


မူလခရီးစဉ်အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြတဲ့ မင်းဘူးမြို့၊ မန်းရွှေစက်တော်၊ ပုဂံ- ညောင်ဦး အစီအစဉ်ကနေ ရုတ်တရက်ပြောင်းလဲပြီး ဗိဿနိုးမြို့ဟောင်းအနီးက တောင်တွင်းကြီးကို ရောက်ရှိလာခဲ့ကြပါပြီ။ တောင်တွင်းကြီးမြို့ကနေ နေပြည်တော်ကိုသွားရောက်ဖို့အတွက် ချောင်းနက်လမ်းအတိုင်း မိုင် ၄၀ နဲ့ ခြောက်ဖာလုံ ဆက်လက်မောင်းနှင်ရမှာဖြစ်ကြောင်း သိထားရတယ်။ အချိန်ကလဲ ညနေ ၃ နာရီကျော်နေပြီဖြစ်လို့ နေပြည်တော်ကိုအချိန်မီရောက်အောင် သွားကြရပါအုံးမယ်။ ဒီညအတွက် ဘယ်မှာစားမယ်၊ ဘယ်နေရာမှာအိပ်ကြမယ်ဆိုတာကို မသိရသေးပါဘူး။ ဗိဿနိုးမြို့ဟောင်းအနီး တောင်တွင်းကြီးမြို့ကတော့ နောက်မှာ ကျန်ရစ်ခဲ့ပါပြီ။

**ကိုးကား**

– **မြန်မာပြည်တစ်နှင့်လမ်းညွှန်(တင်နိုင်တိုး)**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရနေတဲ့ အဲဗာတန်အသင်း၊ ဒေါ့မွန်အသင်း၊ ရိုးမားအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်ကစားမဲ့အမှတ်ပေးပြိုင်ပွဲမှာ ပရီးမီးယားလိဂ်၊ လီဂူးဝမ်း၊ ဘွန်ဒက်လီဂါနဲ့ စီးရီးအေတို့ကစားမှာဖြစ်ပေမဲ့ လာလီဂါပြိုင်ပွဲကတော့ ရပ်နားသွားမှာဖြစ်ပါတယ်။ လက်ရှိမှာ ပြိုင်ပွဲပြီးဆုံးဖို့ ရှစ်ပွဲ၊ ကိုးပွဲလောက်ပဲလိုတော့တာကြောင့် အသင်းငယ်တွေကလဲ တန်းမဆင်းရရေးကြိုးစားနေပြီး အသင်းကြီးတွေကလဲ ချန်ပီယံဆုနဲ့ ဥရောပဝင်ခွင့်အတွက် အကြိတ်အနယ်ကစားနေတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာ ပရိသတ်တွေ မျှော်လင့်ထားတဲ့အသင်းအများစုအနိုင်ရခဲ့ပေမဲ့ ဘွန်ဒက်လီဂါမှာတော့ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို အိမ်ကွင်းမှာ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲစဉ်တွေထဲက လက်ရှိခြေစွမ်းပိုင်းသာမက ထိပ်တိုက်တွေ့ဆုံမှုကိုလဲ ထည့်သွင်းစဉ်းစားပြီးရွေးချယ်ရမှာဖြစ်ပါတယ်။

**အဲဗာတန်အသင်း ရလဒ်ကောင်းမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ ဘန်လေအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ရမှတ်ခြောက်မှတ်လျှော့ခံရတာကြောင့် ပွဲစဉ် (၃၀) ကစားအပြီးမှာ ရမှတ် ၂၆ မှတ်သာရခဲ့လို့ အဆင့်(၁၆)မှာ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တန်းဆင်းဇုန်က လူတန်နဲ့ ရမှတ် လေးမှတ်သာကွာဟနေပြီး တန်းဆင်းဇုန်ဖိအားရှိနေတာကြောင့် ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ကစားနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲဆက်မှာ နိုင်ပွဲမရခဲ့ဘဲ သရေရလဒ်တွေများခဲ့တာကို သတိပြုရမှာပါ။ နည်းပြဒိုက်ချီကတော့ ခံစစ်အသားပေးကစားတဲ့ နည်းပြဖြစ်ပေမဲ့ ကွင်းလယ်ပိုင်းအားနည်းချက်ကြောင့် ပွဲချိန်ကြာလာတာနဲ့ နေရာလွတ်တွေများခဲ့လို့ ဒုတိယပိုင်းမှာ မလိုအပ်ပဲဂိုးပေးနေရတာဖြစ်ပါတယ်။ လက်ရှိဘန်လေနဲ့ပွဲမှာတော့ ဘန်လေကလဲခံစစ်အားနည်းတဲ့ အသင်းဖြစ်နေတာကြောင့် အဲဗာတန်တိုက်စစ်ဂိုးရဖို့ လွယ်ကူမှာသေချာပြီး ကွင်းလယ်ကစားအားမြှင့်တင်နိုင်မယ်ဆိုရင်တော့ ဘန်လေလိုအသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။

ဘန်လေအသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကိုတန်းတက်လာခဲ့ပြီး အမှတ်ပေးပွဲ ၃၁ ပွဲအပြီးမှာ ရမှတ် ၁၉ မှတ်သာရခဲ့တာကြောင့် အဆင့် (၁၉) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ပရီးမီးယားလိဂ်ကတန်းဆင်းရဖို့နီးစပ်နေလို့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ရေကုန်ရေခန်းကစားနေတာကိုတွေ့ရမှာပါ။ နည်းပြကွန်ပနီဟာ ၄-၄-၂ ကစားကွက်နဲ့ တိုက်စစ်အသားပေးကစားတဲ့နည်းပြဖြစ်တာကြောင့် နောက်ဆုံးငါးပွဲမှာ တိုက်စစ်က ခုနစ်ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ဝက်စ်ဟမ်းကို နှစ်ဂိုးစီသရေ၊ ဘရန့်ဖို့ဒ်ကို နှစ်ဂိုးတစ်ဂိုး၊ ချဲလ်ဆီးကို နှစ်ဂိုးစီသရေ၊ ဝုဗ်ကိုတစ်ဂိုးစီသရေကစားနိုင်ခဲ့ပြီး ဘုန်းမောက်တစ်သင်းထဲကို ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လက်ရှိကစားသမားငါးယောက်ထိ ဒဏ်ရာရနေလို့ ကစားသမားစုဖွဲ့မှုနဲ့ ကစားအားမှာတော့ အဲဗာတန်ကိုယှဉ်မရလို့ ပထမအကျော့တွေ့ဆုံမှုမှာလဲ အဲဗာတန်ကအဝေးကွင်းကနေ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ဘန်လေအသင်းတိုက်စစ်ဖွင့်ကစားရင်တော့ အမြင့်ဘောတွေကနေ ဂိုးရယူလေ့ရှိတဲ့ အဲဗာတန်တိုက်စစ်ကို ဘန်လေထိန်းချုပ်ဖို့မဖြစ်နိုင်လို့ အဲဗာတန်အသင်း ရလဒ်ကောင်းမှာပါ။

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၃ | ဝက်စ်ဟမ်း |
| မန်ယူ | ၂ | - | ၀ | အဲဗာတန် |
| ဘုန်းမောက် | ၂ | - | ၁ | အဲဗာတန် |
| နယူးကာဆယ် | ၁ | - | ၁ | အဲဗာတန် |

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၀ | - | ၂ | ဘုန်းမောက် |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဘန်လေ |
| ဘန်လေ | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| ချဲလ်ဆီး | ၂ | - | ၂ | ဘန်လေ |
| ဘန်လေ | ၁ | - | ၁ | ဝုဗ် |

**ဒေါ့မွန်အသင်းကို ရွေးချယ်ရမှာပါ**

ဘွန်ဒက်လီဂါပွဲစဉ် (၂၈) မှာ အကြိုက်တွေ့မိတာကတော့ ဒေါ့မွန်အသင်းနဲ့ စတုဂတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာတော့ စတုဂတ်က အိမ်ကွင်းကနေ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ပွဲချိန်ပြည့်တိုက်စစ်ဆင်ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီအချိန်တုန်းက ဒေါ့မွန်အသင်းဟာ အဓိကကစားသမားတွေဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်းအားနည်းချက်ရှိခဲ့ပြီး ရှုံးခဲ့တယ်လို့ဆိုရမှာပါ။ လက်ရှိဒေါ့မွန်အသင်းဟာ ၄-၃-၃ ကစားကွက်မှာ ခြေစွမ်းပိုင်းတိုးတက်လာခဲ့သလို တောင်ပံက အဒီရီမီ၊ မာလန်းနဲ့ ဆန်ချိုက ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ပြိုင်ပွဲစုံရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ဘိုင်ယန်မြူးနစ်၊ ဖရန့်ဖတ်၊ ယူနီယံဘာလင်၊ ဝါဒါဘရီမင်တို့လိုကစားပုံမာကျောတဲ့ အသင်းတွေကိုကစားကွက်ပိုင်းအသာနဲ့ ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒေါ့မွန်ဟာ ၂၇ ပွဲကစားအပြီးမှာ ရမှတ် ၅၃ မှတ်သာရခဲ့တာကြောင့် အဆင့်(၄) မှာရောက်ရှိခဲ့ပြီး ချန်ပီယံဆုကိုစိန်ခေါ်နိုင်စွမ်းမရှိတော့ပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့အတွက်တော့ အဆင့်(၃)က စတုဂတ်နဲ့ တွေ့ချိန်မှာ ရမှတ်မဆုံးရှုံးဖို့ ပြင်ဆင်လာမှာသေချာပါတယ်။

စတုဂတ်အသင်းဟာ နည်းပြဟိုးနက်စ်လက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် အမှတ်ပေးဇယားအဆင့် (၃) မှာရပ်တည်နိုင်ခဲ့ပြီး အဆင့်(၄)က ဒေါ့မွန်ကို ရမှတ်လေးမှတ်ဖြတ်တောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ဟီဒန်ဟိမ်းကိုသုံးဂိုးစီသရေရလဒ်ကစားနိုင်ခဲ့လို့ ရမှတ်ဆုံးရှုံးခဲ့ပေမဲ့ ဂီရက်ဆီ၊ အန်ဒက်ဗ်တို့ဦးဆောင်တဲ့တိုက်စစ်ပိုင်းကတော့ ခြေစွမ်းပြနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြရဲ့ ၄-၄-၂ ကစားကွက်မှာ ဂီရက်ဆီ၊ အန်ဒက်ဗ်တို့အတွဲက အချိတ်အဆက်မိနေတာကြောင့် စတုဂတ်အသင်းရဲ့သွင်းဂိုးအများစုဟာ သူတို့နှစ်ယောက်ပါဝင်ပတ်သက်နေတာဖြစ်ပါတယ်။ တိုက်စစ်မှူးဂီရက်ဆီကတော့ သွင်းဂိုး ၂၃ ဂိုးထိသွင်းယူပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေတာကြောင့် ဒေါ့မွန်အသင်းအနေနဲ့ ဂီရက်ဆီကိုတားဆီးနိုင်မှသာ ရလဒ်ကောင်းဖို့သေချာမှာပါ။ လက်ရှိဒေါ့မွန်ရဲ့ ခံစစ်ပိုင်းမှာ အက်ဆန်၊ ရှလိုတာဘတ်၊ ဟမ်းမဲလ်၊ ရိုင်ယာဆန်တို့လို ကစားသမားကောင်းတွေရှိနေတာကြောင့် ခံစစ်ပိုင်းတည်ငြိမ်နေပြီး ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဘိုင်ယန်လို တိုက်စစ်ထက်မြက်တဲ့အသင်းကို ပေးဂိုးမရှိဘဲကစားသွားခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဒေါ့မွန်ဟာ စတုဂတ်ကို ဧည့်ခံကစားခဲ့ရတဲ့ နောက်ဆုံးငါးပွဲမှာ တစ်ပွဲရှုံး၊ လေးပွဲနိုင်ခဲ့တာကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ ခြေစွမ်းပိုင်းကောင်းနေတဲ့ ဒေါ့မွန်အသင်းကိုပဲရွေးချယ်ရမှာဖြစ်ပါတယ်။

**ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၀ | - | ၂ | ဒေါ့မွန် |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဒေါ့မွန် |
| ဒေါ့မွန် | ၂ | - | ၀ | ပီအက်ဗ်ီ |
| ဒေါ့မွန် | ၃ | - | ၁ | ဖရန့်ဖတ် |
| ဘိုင်ယန်မြူးနစ် | ၀ | - | ၂ | ဒေါ့မွန် |

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၁ | - | ၁ | ကိုလုံး |
| ဝုဗ်ဘတ် | ၂ | - | ၃ | စတုဂတ် |
| စတုဂတ် | ၂ | - | ၀ | ယူနီယံဘာလင် |
| ဟော်ဖန်ဟိမ်း | ၀ | - | ၃ | စတုဂတ် |
| စတုဂတ် | ၃ | - | ၃ | ဟီဒန်ဟိမ်း |

**ရိုးမားအသင်း နိုင်ပွဲရှာရမှာပါ**

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ရိုးမားအသင်းနဲ့ လာဇီယိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ လက်ချီကိုသရေရလဒ်သာကစားနိုင်ခဲ့လို့ ရမှတ်ဆုံးရှုံးခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၅)မှာ ရမှတ် ၅၂ မှတ်နဲ့ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဒီရော့ဆီတာဝန်ယူပြီးနောက်ပိုင်း စီးရီးအေမှာအင်တာမီလန်ကို လေးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကလွဲရင် ကျန်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ဘဲ အနိမ့်ဆုံးသရေရလဒ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် အမှတ်ပေးပွဲအိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ဘဲ ပွဲတိုင်းဂိုးရခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိတိုက်စစ်ပိုင်းကိုတော့ ဒိုင်ဘာလာ၊ လူကာကူ၊ ဆာဒါအက်မွန်တို့ ဦးဆောင်နေပြီး ဒိုင်ဘာလာက သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ခက်ခဲနေတဲ့ လာဇီယိုခံစစ်ပိုင်းအနေနဲ့ ဒိုင်ဘာလာ၊ လူကာကူတို့ကို ပွဲချိန်ပြည့်မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားနိုင်ပါတယ်။

လာဇီယိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာ ဂျူဗင်တပ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ ကြားရက်မှာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ ဂျူဗင်တပ်နဲ့ ထပ်မံတွေ့ဆုံခဲ့ပေမဲ့ နှစ်ဂိုးပြတ်နဲ့ ပြန်လည်ရှုံးခဲ့တာကိုတွေ့ရမှာပါ။ အဓိကကတော့ သူတို့အသင်းရဲ့ ကစားပုံတည်ငြိမ်မှုမရှိဘဲ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်တွေက အသင်းရဲ့ရလဒ်ကို ကျဆင်းစေခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်တူဒေါ်ကတော့ အမှတ်ပေးပွဲမှာ ရမှတ် ၄၆ မှတ်ရခဲ့လို့ ဥရောပယှဉ်ပြိုင်ခွင့်ရဖို့ကြိုးစားနေပေမဲ့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်ကိုမပြင်နိုင်သေးလို့ ရလဒ်ကျဆင်းနေဆဲဖြစ်ပါတယ်။ အသင်းတိုက်စစ်ကို အင်မိုဘိုင်းဦးဆောင်နေပေမဲ့ ပွဲစဉ် (၃၀) အပြီးမှာ သွင်းဂိုးခြောက်ဂိုးသာသွင်းယူနိုင်ခဲ့တဲ့ခြေစွမ်းပိုင်းကတော့ အားရစရာမကောင်းပါဘူး။ အင်မိုဘိုင်းအနေနဲ့လဲ အသက်အရွယ်အရအကျပိုင်းရောက်လာတာကြောင့် ပွဲချိန်ပြည့်ပါဝင်နိုင်ခြင်းမရှိတာကြောင့် လာဇီယိုအသင်းတိုက်စစ်မှာ ဇာကာနီနဲ့ အန်ဒါဆင်တို့ကိုသာ အားထားနေရတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ရိုးမားအသင်းကြောင့် ခံစစ်ပိုင်းတည်ငြိမ်မှုမရှိတဲ့ လာဇီယိုအသင်းပေးဂိုးများသွားနိုင်လို့ အိမ်ရှင်ရိုးမားအသင်း နိုင်ပွဲရှာရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၄ | - | ၀ | ဘရိုက်တန် |
| ဖီအိုရင်တီးနား | ၂ | - | ၂ | ရိုးမား |
| ဘရိုက်တန် | ၁ | - | ၀ | ရိုးမား |
| ရိုးမား | ၁ | - | ၀ | ဆက်ဆူအိုလို |
| လက်ချီ | ၀ | - | ၀ | ရိုးမား |

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၀ | လာဇီယို |
| လာဇီယို | ၁ | - | ၀ | ဂျူဗင်တပ် |
| ဖရိုစီဝမ်း | ၂ | - | ၃ | လာဇီယို |
| လာဇီယို | ၁ | - | ၂ | အူဒီးနီးစ် |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | လာဇီယို |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၄-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၅၈၇။ | ကွယ်လွန်သူဒေါက်တာမောင်မောင် နိုင်ငံတော်သမ္မတ(ငြိမ်း) နှင့်ဇနီး ဒေါ်ခင်မြင့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၈၅၈၈။ | ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စမ်းသိန်း မိသားစုကောင်းမှု | ၈၀၀၀၀၀ |
| ၈၅၈၉။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဂေါပကအဖွဲ့ကောင်းမှု | ၆၁၀၀၀၀ |
| ၈၅၉၀။ | နှစ်ဖက်သောဘိုးဘွား၊ မိဘတို့အားအမှူးထား၍ ဒေါက်တာကောင်းထူးလွင်နှင့်ဇနီး မနန်းငုဝါဝါလှိုင်၊ (သမီး)မချစ်မြတ်နိုး၊ မချစ်ချစ်တုန်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၅၉၁။ | အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ဗဟိုအဆင့်နည်းပြသင်တန်းမှ သင်တန်းသား/သင်တန်းသူများကောင်းမှု | ၃၆၄၀၀၀ |
| ၈၅၉၂။ | ဦးခွန်တိုးအောင်နှင့်ဇနီး ဒေါ်နန်းပုံမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၅၉၃။ | ဗိုလ်မှူးချုပ်ရဲလွင်နှင့်ဇနီး ဒေါက်တာရီရီမျိုးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၉၄။ | ဒုတိယဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီး ဒေါ်စန်းစန်းအေး၊ (သား)မောင်မင်းသီဟထွဋ်၊ မောင်မင်းအာကာမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၉၅။ | ကွယ်လွန်သူဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်အားရည်စူး၍ ဒေါ်ရီရီညွန့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၉၆။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး(စက်/လျှပ်)(၁/၂၀၂၄)မှ သင်တန်းသား/သင်တန်းသူများကောင်းမှု | ၁၅၀၀၀၀ |
| ၈၅၉၇။ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးစာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်အကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား/သင်တန်းသူများကောင်းမှု | ၁၁၀၀၀၀ |
| ၈၅၉၈။ | ဦးသန်းရွှေနှင့်ဇနီး ဒေါ်ခင်ဝင်း၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၈၅၉၉။ | ဗိုလ်မှူးဒေါ်အုန်းညွန့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၀။ | ဦးလှိုင်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၁။ | ဗိုလ်မှူးကြီးကြည်ရွှေ(ငြိမ်း)နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၂။ | ဒေါက်တာဦးသိန်းထွန်းနှင့်ဇနီး ဒေါ်သန်းတိုး၊ (သား)ဦးကျော်တိုးထွန်း၊ ဦးဇော်တိုးထွန်း၊ (သမီး)ဒေါ်နိုင်မာလာသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်မြင့်နှင့်ဇနီး ဒေါ်နွဲ့နွဲ့၊ (သမီး)မသန့်သန့်ဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၄။ | ကွယ်လွန်သူဖခင်ကြီး ဦးလှအောင်နှင့် မိခင်ကြီးဒေါ်ရီရီဝင်း တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၅။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးတင်ဝေဦးနှင့်ဇနီး ဒေါ်ခင်စန်း၊ (သား)ဗိုလ်မှူးကြီးသူရငြိမ်းချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးဝင်းကြူနှင့်ဇနီး ဒေါ်ခင်မြဝင်း၊ သား၊ သမီး၊ မြေးများမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၇။ | ကွယ်လွန်သူဦးချစ်ခင်အားရည်စူး၍ ဒေါ်မြင့်မြင့်ဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၈။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၉။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ခင်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၁၀။ | ဦးလောက်စွန်းမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၈၆၁၁။ | ဒေါ်အိုက်ရိန်း၊ (သား)ကိုချမ်းသာမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၈၆၁၂။ | ဦးဝင်းမြင့်ဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၈၆၁၃။ | ဦးစောတင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၈၆၁၄။ | ဦးလောက်ဝေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၆၁၅။ | ဦးသိန်းလွင်ဦးမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၈၆၁၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန်းဆင့်နှင့်ဇနီး ဒေါ်ညိုလေးမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၈၆၁၇။ | ဒေါ်အိမ့်မှူးခင်မိသားစုကောင်းမှု | ၅၁၀၀၀ |
| ၈၆၁၈။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ကြည်ရွှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၁၉။ | ဒေါ်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၀။ | ဦးမြသောင်းနှင့်ဇနီး ဒေါ်မြင့်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၁။ | ဆရာတော်အရှင်သုနန္ဒကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၂။ | ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၃။ | ဦးအောင်ဇော်ဌေးနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၄။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၅။ | ဦးအောင်အောင်ထွေးနှင့်ဇနီး ဒေါ်ယွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၆။ | ဒေါ်မြမိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၇။ | ဦးသန်းတင်မောင်နှင့် ဦးခင်မောင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၈။ | ဦးအေးမောင်ကြီးနှင့်ဇနီး ဒေါ်နန်းမြင့်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၉။ | ဦးစိန်ရီ၊ ဒေါ်ငွေစန်းမော်၊ ကိုဖြိုးဇော်ဦးနှင့် မောင်ထက်လင်းမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၀။ | ကိုစိုးပိုင်နှင့်ဇနီး မလှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၁။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ခင်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၂။ | ဦးစန်းမြင့်နှင့်ဇနီး ဒေါ်မြသက်မူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၃။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၄။ | ကွယ်လွန်သူဖခင်ကြီး ဦးဇော်ဝင်းအားရည်စူး၍ ဒေါ်ခင်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ဦးလွင်၊ (သမီး)မအေးစန္ဒာဦး၊ မဝင်းရွှေစင်လင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၆။ | ဦးကျော်ဇင်ထွန်းနှင့်ဇနီး ဒေါ်နှင်းအိအိလင်း၊ (သား)မောင်ဘုန်းလင်းပြည့်၊ (သမီး)မမေလင်းခေတ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၇။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၈။ | ဒေါ်ခင်မျိုးကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၉။ | ဦးထွန်းစည်သူနှင့်ဇနီး ဒေါ်စန်းသီတာစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh



နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



## Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊

E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင်

**MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄



## ရွှေလီဦး

**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့။

၀၂-၄၀၃၃၂၀၀၊ ၀၂-၄၀၆၄၅၇၃၊ ၀၉-၄၀၂၅၁၁၅၀၅

စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို

ဂိတ်ပိုင် ဦးပီတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။

ဥက္ကဋ္ဌ-ဦးပီတာ

ဖုန်း-09-2004223, 09-47222224



## ဝန်ထမ်းအလိုရှိသည်

- **လက်ဖက်ရည်အဖျော်ဆရာ(ကျွမ်းကျင်) (၂) ဦး**
- လစာ 350,000
- အရက်သေစာသောက်စားတတ်သူမဖြစ်ရ။
- စားရိတ်ငြိမ်း
- **ဝိတ်တာ (အမျိုးသမီး) (၄) ဦး**
- လစာ 180,000
- အခြေခံပညာအလယ်တန်းအဆင့်
- ရုပ်ရည်ပြေပြစ်ရမည်။ စာရိတ္တအထူးကောင်းမွန်ရမည်။
- စားရိတ်ငြိမ်း

စိတ်ဝင်စားပါက CV Form အပြည့်အစုံနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

"ရောဝတီ"ကဖေး

၃၈လမ်း၊ ၉၀× ၉၁ကြား၊ မန္တလေးမြို့။ 09-2037712


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက် ရှူလမ်းကြောင်းကို တိုးတက်ကောင်း မွန်စေသည်။



ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

ရန်သူ မီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခ ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိအစိုးရလက်ထက်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**



**နေပြည်တော်ကောင်စီနယ်မြေ အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ အရေးကြီးနေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် fixed Wing များအားလုံး ပစ်ချဟန့်တားနိုင်ခဲ့**

စာမျက်နှာ - ၂၁

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်ကာလ ၁၃-၄-၂၀၂၄ ရက်မှ ၂၁-၄-၂၀၂၄ ရက်အတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ဧပြီ ၁၃ ရက်နှင့် ဧပြီ ၂၂ ရက်တို့တွင် အထူးရထားများကို ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်ထိ လူစီးအမြန်ရထားအချို့ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်ပါသည်။

လက်ရှိပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အမှတ်(၁၁) အဆန်၊ အမှတ်(၁၂) အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအတွင်း အမှတ်(၈၁) အဆန်၊ အမှတ်(၈၂) အစုန်ရထားများကို ပုံမှန်အတိုင်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့်ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်များကို အောက်ပါနေ့ရက်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ရောက်ချိန် | | ပြေးဆွဲမည့် နေ့ရက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အဆန်အထူးရထား | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ | ၁၁.၄.၂၀၂၄<br>၁၂.၄.၂၀၂၄<br>၁၃.၄.၂၀၂၄<br>၂၀.၄.၂၀၂၄<br>၂၁.၄.၂၀၂၄<br>၂၂.၄.၂၀၂၄ |
| ၂ | အစုန်အထူးရထား | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ | |
| ၃ | အဆန်အထူးရထား | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ | |
| ၄ | အစုန်အထူးရထား | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ | |
| ၅ | အဆန်အထူးရထား | ရန်ကုန် | မန္တလေး | ၁၀:၀၀ | ၀၃:၁၀ | ၁၂.၄.၂၀၂၄<br>၁၉.၄.၂၀၂၄<br>၂၁.၄.၂၀၂၄ |
| ၆ | အစုန်အထူးရထား | မန္တလေး | ရန်ကုန် | ၂၁:၃၀ | ၁၄:၄၀ | |

စာမျက်နှာ ၂၁ ကော်လံ ၁☆

